
www.burmeseclassic.com




# ဘာကြည်ဝေါက်

ဒခထုံ

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၃၄၀၁၁၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၀၄၁၀၁၁၂ |
| အဖုံးဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြဲ-၀၃၀၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၆၀၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၂ ခုနှစ်၊ ဧပြီလ။ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၂၀၀၀ ကျပ် |

ဂ၉၅ . ဂ၃

အကြည်တော်

အထုံ/ အကြည်တော် ။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၁၂

၁၁၇ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။

(၁) အထုံ



ဆုဖလားလေး ခါးမှာကွယ်၊ သနားစဖွယ်မျက်နှာငယ်လေး နှင့် ရပ်နေသူကိုမှ လာမေးသည်။

"ဒီလိုဆုဖလား ခါးဝယ်ပိုက်နိုင်အောင် အဘယ်သို့ကြိုးစားခဲ့ရပါသလဲခင်ဗျာ"

နွားကျောင်းသား၏အမေးကို ပညာရှင်ဆန်အောင် မည်သို့ဖြေရမည်မသိ။ ကြောင်စီစီပြန်ကြည့်မိသည်။ အဖြစ်အပျက်များက ခေါင်းထဲ၌ နောက်ပြန်ရစ်လိုက်သလို တစ်ရစ်စီပြန်ပေါ်လာသည်။

မည်သို့အပြေးချန်ပီယံဖြစ်လာသနည်း။

ထိုအမေးကို ဖြေနိုင်ရန်အတွက် အစကို ပြန်ကောက်လိုက်သည်။

ထိုနေ့က မိဘများ ကောင်းကျိုးပေးသည့်နေ့။

\+ + +



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က အိမ်ကပြင်ကွပ်ပျစ်မှာ အိပ်ရေးမပျက်ပါဘဲ မျက်လုံးမှိတ် ဖိမ်နှင့်နှပ်နေသည်။ ရွာ၏ဘုရားပွဲဖြစ်သည်နှင့်အလျောက် ဆိုင်းသံ ဗုံသံ ပြိုင်ပွဲ ပြေးပွဲအသံများ ဆူညံနေသော်ငြား သူ့အား နတ်စောင်းနှင့် ချော့သိပ်နေသည့်နှယ်။ ဘုရားပွဲလည်း စိတ်မဝင်စား၊ ပြေးပွဲပြိုင်ပွဲများလည်း ခြေကြောတင်မည်စိုး၍ လှည့်ပင်မကြည့်။ လက်ကြောတင်းမည်စိုး၍ ထမင်းပင် ပါးစပ်နှင့်ဟပ်စားချင်တာ။ မကောင်းတတ်လို့။ ယခုလည်း စက်ဘီးဝယ်ခိုင်းတာ မဝယ်ပေးလို့ အိမ်ရှေ့ ရွဲ့အိပ်နေတာ။



BURMESE CLASSIC .com



ဘယ်နေရာမှာမှ မထူးချွန်ငြား ပေကပ်သည့်ဖက်တွင် ပေထက်အကွရာတင်ရမတတ် ထူးချွန်၍ မိဘနှစ်ပါးခမျာ သူတို့မွေးထားသည့်သားဖြစ်သော်ငြား ဘယ်အချိန် အိမ်ကမောင်းချရပါ့ဟူသော အတွေးမျိုးကို အစဉ်တစိုက် ရိုက်သွင်းနေသော သားမျိုးပင်။

အလုပ်အကိုင် နတ္ထိ။

မိဘရှိလျှင် စားစရာရှိသည်မို့ အပူအပင်သည်လည်းမရှိ။ မိဘများကိုယ်တိုင် မနေနိုင်မထိုင်နိုင် ဆတ်ဆော့ပြီး မွေးလာသည်မို့ ကျွေးပေလိမ့် တစ်သက်လုံး။ ကုန်းရုန်းပြီးရှာပေလေ့။ သားသမီးဖြစ်သူက မြိန်မြိန်ကြီး စားပြရုံသာတာဝန်ရှိသည်။ ငယ်စဉ်ကတည်းက မစားလျှင် အတင်းခွံ့လာသည့် မိဘ။ ယခု ကြီးလာတော့လည်း မခွံ့ရရုံတမယ်။

မိဘများက မကျေမနပ်ဆိုလျှင်၊

"ကျွန်တော်က ကျွန်တော့်ကို မွေးပေးပါ၊ မွေးပေးပါလို့ တောင်းဆိုခဲ့တာ မဟုတ်ဘူး၊ အဖေတို့အမေတို့ကိုယ်တိုင် တစ်ယောက်မျက်နှာတစ်ယောက် ပြုံးပြုံးကြီးကြည့်ပြီး မွေးချလာတာ၊ အခုမှ မကျွေးချင်တော့ဘူး မလုပ်နဲ့၊ အမွေဖြတ်လိုက်လို့ ဘာမှမရဘဲနေမယ်၊ ဟင်း"

မိဘနှစ်ပါးအား ထိုစကားနှင့် ခြိမ်းခြောက်ပြောဆိုပြီး ဖိမ်နှင့်နှပ်လာတာ လူပျိုကိုတောင် အခါလည်ကျော်ပေါ့။

ယခုလည်း သူတို့ဆတ်ဆော့၍ မွေးထားသည့်သားအား မနာလိုမရှုစိမ့်နိုင်စွာ ကြည့်ပြီး၊

"တောက် မွေးလာတဲ့သား၊ လက်မောင်းတောင် လက်မောင်းလောက်ရှိနေပြီ၊ အလုပ်အကိုင်လုပ်ဖို့မပြောနဲ့၊ လမ်းလေးတောင် ထလျှောက်တာ မမြင်ဘူးသလောက်ပဲ၊ ကျောင်းထားတော့လည်း စာမသင်၊ လယ်ထဲဆင်းဆိုတော့လည်း မျှော့ကကြောက်နဲ့ ဘယ်သင်းနေရာမှာ သုံးရမှန်းတောင် မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် အောင်မယ်
လမ်းတွေဘာတွေလျှောက်လို့ပါ
လား၊ ကမ္ဘာကြီးတော့ပြားပြီထင်ပါ့၊
ဟဲ့ မိဖော့လုံး နင့်သားက လမ်း
လျှောက်လို့ဟ၊ မြင်ဖူးတယ်ရှိအောင်
ထကြည့်ပါဦး"

ဖခင်ဖြစ်သူက သားဖြစ်သူ ဖိနပ်ကျနေသည်ကို မကျေနပ်နိုင်ဖြစ်နေသည်။

"အဖေရာ၊ ပုကျပုကျိနဲ့ အိပ်ရတာဖိနပ်ပျက်တယ်၊ ဘုရားပွဲလေးဘာလေးတက်ပါလား အဖေရာ"

ဘေးနားက စကားပြောဖော်လေးရှိနေတာကို နားမခံသာရှိနေ၏။

"ဩော် မင်းကပဲ ပြောရတယ်ရှိသေး၊ အဖေ့ထက်သား တစ်လက်မကြီးချင်၊ အဲလေ တစ်လကြီးချင်နေတယ် ဟုတ်လား၊ မိဘကျွေးတာ တဝတပြစား၊ ပြီးရင် အဲဒီကွပ်ပျစ်မှာပဲ အမြဲကွေးနေတော့ ဘယ်သူက ကြည်ဖြူချင်မှာလဲ ဟင်၊ မွေးကတည်းက မင်းမှာထူးချွန်တာဆိုလို့ ဘာရှိလို့လဲ"

"အိပ်တာထူးချွန်တယ်လေ အဖေရ"

"တယ်လေ ခွေးမသား၊ အဲ ငါ့မိန်းမသား၊ ငါထကန်လိုက်ရမကောင်းရှိရော့မယ်၊ အဲဒါထူးချွန်တာ မဟုတ်ဘူးဟဲ့၊ ပျင်းတာ ဖျင်းတာ၊ ထူးချွန်တယ်ဆိုတာ လူတကာအသိအမှတ်ပြု တစ်ခုခုဖြစ်မှ ထူးချွန်တာ၊ အဲဒီလိုထူးချွန်ဖို့မပြောနဲ့၊ မင်း လမ်းတောင်ကောင်းကောင်းလျှောက်ဖူးလို့လား၊ မိဘက ချီချ၊ ချီတင် မလုပ်ပေးရရုံတမယ်"





"အဲဒါကြောင့် သားပြောတာပေါ့၊ စက်ဘီးလေးတစ်စီးလောက်ဝယ်ပေးပါဆို"

လူကသာ ဘာမှမဟုတ်တာ၊ မိဘပြောလျှင်လည်း ကက်ကက်ကလန်သေး။

"အောင်မာ မင်းကို စက်ဘီးဝယ်ပေးရမယ် ဟုတ်လား၊ မင်းက ထူးထူးချွန်ချွန် ဘာလုပ်ဖူးလို့ ငါက ဘယ်လိုဆုချရမှာလဲ၊ မင်းက ဘာဆုရလို့ ငါက ဘာဆုချရမှာလဲ၊ ကဲ ပြော"

ဖေဒါ ခေါင်းထောင်သွားသည်။ ကွပ်ပျစ်မှနေ၍ နှစ်လက်မ ဘိတိ ခေါင်းကမြင့်လာ၏။

"ဆုတစ်ခုခုရရင် အဖေ သားကို စက်ဘီးဝယ်ပေးမှာလား"

"ဝယ်ပေးမယ်၊ မင်းဆုရတယ်ဆိုတာနဲ့ မင်းအဖေက စက်ဘီးဝယ်ပေးပြီးသား"

ဖေဒါမျက်နှာ တည်သွားသည်။

"တကယ်နော်"

"အောင်မာ သူကပဲ မိဘကို မယုံသင်္ကာနဲ့၊ တကယ် တကယ်ကဲ ဟုတ်ပြီလား"

"ဒါဆိုပြီးရော"

ဖေဒါ ကွပ်ပျစ်ပေါ်မှ ထ၍ထွက်သွားလေသည်။ ဒါကို ဖခင်ဖြစ်သူ ဦးနီဘို တအံ့တဩဖြင့်၊

"အောင်မယ် အောင်မယ် လမ်းတွေဘာတွေလျှောက်လို့ပါလား၊ ကမ္ဘာကြီးတော့ ပြားပြီထင်ပါ့၊ ဟဲ့ မိဖော့လုံး နင့်သားက လမ်းလျှောက်လို့ဟ၊ မြင်ဖူးတယ်ရှိအောင် ထကြည့်ပါဦး"

ဆိုကာ သူ့သားလမ်းလျှောက်တာကို အံ့အားသင့်နေရှာလေသည်။

ဦးနီဘိုကတော့ ဘာအဖြစ်မှမရှိတဲ့သားကို ဘာမှမမျှော်လင့်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ပုကျိုပုကျိုလုပ်ကာ အိမ်ထဲဝင်လိုက်လေသည်။
သို့သော် သူထင်သလိုဖြစ်မလာ။

+ + +





"အဖေရေ့ အဖေ အဖေ"

အလောတကြီးအော်သော သားဖေဒါအသံကြောင့် ဦးနီဘို အိမ်ရှေ့ပြေးထွက်မိသည်။

"ဟေ ဘာလဲကွ ဟင်"

မြင်လိုက်ရသောမြင်ကွင်းကြောင့် ဦးနီဘို အံ့အားသင့်သွားရသည်။ ဆုဖလားတွေ ဒိုင်းတွေပိုက်ပြီး ပြေးချလာသော ဖေဒါ။ ဝမ်းသာအားရဖြင့်ပင်၊

"ဟောဒီမှာတွေ့လား၊ သား ဆုတွေရလာပြီ၊ စက်ဘီးဝယ်ပေး၊ စက်ဘီးဝယ်ပေးတော့"

ကွပ်ပျစ်ပေါ် ပစ်ချလိုက်သော ဆုဖလားများ ဒိုင်းများ ဆု



www.burmeseclassic.com

www.burmeseclassic.com



တံဆိပ်များကိုကြည့်၍ ဦးနီဘို ပို၍ အံ့အားသင့်သွားသည်။

"ဟင် ဒါ ဒါတွေက"

"သားရလာတာလေ၊ ဒါတွေဘာတွေ လုပ်မနေနဲ့၊ ဆုရရင် စက်ဘီးဝယ်ပေးမယ်ဆို ကဲ ရလာပြီ၊ ခုချက်ချင်းပိုက်ဆံထုတ်"

သားလိမ္မာပီပီ မိဘထံမှ ဓားပြတိုက်သည်။ ဦးနီဘိုက ဇဝေဇဝါနှင့်၊

"ဒါ ဒါတွေက"

"ဘုရားပွဲမှာလုပ်တဲ့ ပြိုင်ပွဲတွေက ရလာတာလေ၊ ပြောနေကြာပါတယ်၊ ပိုက်ဆံထုတ်၊ စက်ဘီးတစ်စီး သားတွေ့ထားတယ်၊ အမြန်သွားဝယ်မှရမယ်"

သူ့သားမှာ ဤမျှလောက် အားကစား၌ ပါရမီကောင်းလိမ့်မည်ဟု မထင်ခဲ့သော ဦးနီဘိုမှာ ပျာပျာသလဲ ဖြစ်သွားရသည်။

"လုပ်စမ်းပါ၊ စက်ဘီးဝယ်ဖို့"

"ဩော် အေးအေး ခုဝယ်မှရမယ်ဆိုလဲ"

ဆိုကာ တစ်သက်တာလက်ကြောမတင်းဆုံး သားတော်မောင် ဆုတံဆိပ်များရလာသည်ကို ဝမ်းသာလုံးဆို့ပြီး၊

"ယူပေးရမှာပေါ့ကွာ၊ ဟော့ မယ်ဖော့လုံး နင့်သားပေဒါ ဆုတွေရလာတယ်၊ အိမ်ကကြက်နီလေးနဲ့ ဂုဏ်ပြု"

"ဂစ်"

စကားပင်မဆုံး။ ကြက်နီကပဲ ဂစ်တာလား၊ မကြားဖူးစကားကြားတော့ မယ်ဖော့လုံးကပဲ ဂစ်တာလားမသိ။ တစ်ခု တစ်ကောင်တစ်ယောက်တော့ ဂစ်ရရှာလေပြီ။ သို့သော် **မယားချစ်**ကို ဂရုမစိုက်နိုင်သေး။ သားချစ်အရေးက ရှိနှင့်ကို။

ဦးနီဘို ဝမ်းသာလွန်းစွာ တုန်တုန်ယင်ယင်နှင့် ပိုက်ဆံသေတ္တာ ဖွင့်သည်။





"တောက် တစ်ရွာလုံး
ဘုရားပွဲမှာ ပျော်ပျော်ရွှင်ရွှင်
ပျော်ပွဲရွှင်ပွဲ ကျင်းပနေတဲ့အချိန်မှ
ဆုတွေခိုးပြီး ထွက်ပြေးတယ်လို့ကွာ၊
အုန်းသီးလက်ထက်မှ မကြုံဘူးတာ
ကြုံနေရတယ်"

"အမြန်လုပ်ပါအဖေရ၊ စက်ဘီးက မရောင်းဘဲ ပြန်သွားဦးမယ်"

ပေဒါက လောသည်။ ဒါကို ဦးနီဘိုက၊

"အေး အေးပါကွာ၊ ငါလဲ ဖွင့်"

ထိုစဉ်မှာပင်

"နီဘို ဟေ့ နီဘို"

အိမ်ရှေ့မှ အော်ခေါ်သံကြားရသည်။ သော့ဖွင့်လျက်တန်းလန်းကြီး ဦးနီဘို ရပ်သွားသည်။ နောက် အသံကျယ်ကျယ်နှင့်၊

"ခင်ဗျာ၊ ဘယ်သူလဲ၊ အိမ်ရှေ့ကခေါ်တာ"

"ငါကွ အုန်းသီး၊ မင်းထွက်ခဲ့စမ်း"

အုန်းသီးအသံကြားတော့ ဦးနီဘိုရော ပေဒါပါ ခေါင်းထောင်သွားသည်။ သူကြီးအုန်းသီး အုန်းသီးသူကြီးပေပဲ။

ထို့ကြောင့် ဖွင့်လက်စသော့ကို ဆက်မဖွင့်တော့ဘဲ၊

"ဟုတ်ကဲ့ ဟုတ်ကဲ့ လာပါပြီဗျာ"

ဦးနီဘိုက အိမ်ရှေ့ထွက်သည်။ သူကြီးခေါ်တာဆိုတော့ မထွက်ဘဲ မနေရဲ။ ပေဒါ အိမ်နောက်ဖက်ဝင်သည်။

"ဘာကိစ္စရှိလို့လဲ အဲ"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့တွင် သူကြီးအပါအဝင် တုတ်တွေဓားတွေနှင့်ရွာသားများ။ မျက်နှာတွေက ခက်ထန်နေသည်။ ဦးနီဘိုု မရဲတရဲဆင်းလာပြီး၊

"ဘာ ဘာကိစ္စရှိလို့လဲ သူကြီး"

"ဘာကိစ္စလဲ ဟုတ်လား၊ မင်းသားဝေဒါ ဘယ်မှာလဲ ထုတ်ပေးစမ်း"

ထိုအသံကြားသည်နှင့် ဝေဒါ အခြေအနေမကောင်းမှန်းသိ၍ နောက်ဖေးပေါက်မှ ခြေလှမ်းပြင်သည်။ ဦးနီဘိုကတော့ ဘာမှမသိဘဲ စိတ်အေးဟန်နှင့် ရင်ကော့ကာ၊

"ဩော် ဩော် ကျွန်တော့သားလေးဝေဒါ ဆုဖလားတွေအများကြီးရလာလို့ ဂုဏ်ပြုဖို့ လာကြတာထင်တယ်၊ ဒါဆို အိမ်ထဲကြွပါ၊ သားလေးရှိပါတယ် ဟဲဟဲ၊ သူ့အမေကတောင် သူ့သားဆုရလာတာကို ဝမ်းသာပြီး ကြက်နီလေးကို ဂစ်နေတာကြုံတုန်း စားသွားပါဦး ဟီးဟီး"

ထိုစကားကြားတော့ သူကြီးအုန်းသီး ဦးနီဘိုက မျက်နှာပြောင်တိုက် ပြောနေတယ်ထင်ပြီး ပို၍ဒေါသထွက်ကာ၊

"ဟေ့ကောင် ရူးချင်ယောင်ဆောင်မနေနဲ့"

"ရူးပေါင်ဗျာ၊ ဒီဆုတွေက သားလေးဝေဒါ"

"ခိုးလာတာကွ ခိုးလာတာ"

"ဗျာ"

သူကြီးစကားကြားတော့ ဦးနီဘို မျက်လုံးပြူးသွားသည်။ နောက် ကယောင်ကတမ်းနှင့်၊

"ဟင် သူပြောတော့ သူရလာတာဆို"

သူကြီးက ခါးထောက်ပြီး

"ရလာမှာပေါ့ကွ၊ ခိုးလာတာကိုး"





"ဟာ"

ဦးနီဘို သဘောပေါက်စပြုသွား၏။ သူကြီးကသာ မျက်နှာနီကြီးနှင့်၊

"တောက် တစ်ရွာလုံး ဘုရားပွဲမှာ ပျော်ပျော်ရွှင်ရွှင် ပျော်ပွဲရွှင်ပွဲကျင်းပနေတဲ့အချိန်မှ ဆုတွေခိုးပြီး ထွက်ပြေးတယ်လို့ကွာ၊ အုန်းသီးလက်ထက်မှ မကြုံဘူးတာကြုံနေရတယ်"

သူကြီး၏ ဒေါသတကြီးစကားကို ဦးနီဘိုက ဇဝေဇဝါနှင့်၊

"ဒါ ဒါဖြင့် ဒီကောင် ပြိုင်ပွဲမဝင်ဘဲနဲ့ ဆုတွေ သက်သက်ခိုးလာတာပေါ့နော်"

သူ့စကားကို ရွာသားတစ်ယောက်က၊

"ဩော် ခိုးလာတာပါဆို၊ ဟောဒီဒိုင်းဆုကြည့်၊ ဒါ နွားပြိုင်ပွဲမှာပေးဖို့ ဒိုင်းကြီး"

မှန်ပေသည်။ ကြည့်လိုက်တော့ ဒိုင်းဆုအလယ်တွင် နွားပုံကြီး။ ဒါကိုတော့ လူရတာ လုံးဝမဖြစ်နိုင်။ နွားပေးမည့်ဆုကြီး။

"ဟောဒါက မုန့်လက်ကောက်ပြိုင်ပွဲအတွက် ဆုတံဆိပ်"

ဟုတ်၏။ ဒင်္ဂါးပြားလောက် အဝိုင်းထဲတွင် ကလေးငယ်တစ်ယောက် မုန့်လက်ကောက်ကိုက် ဟီလာတိုက်နေပုံ။ သူ့သားဝေဒါကတော့ မကြီးမငယ်နှင့် ဝင်ကိုက်လာမှာမဟုတ်။ မုန့်လက်ကောက်ကို။

"ဟောဒါက ဆန်ကောရွက်၊ ဟောဒါက ထုပ်စည်းတိုး၊ ဟောဒါက အုတ်ခဲပစ်"

ဦးနီဘို မျက်လုံးများပင် ချာချာလည်ကုန်သည်။ ဆုတံဆိပ်များက နွားအစ၊ တိုက်ကြက်အလယ်၊ ဖားခုန်အဆုံး ပါဝင်နေသည်ပဲ။ ဒါကို သားတော်မောင်က သူကြီးစားပြီး ရလာဟန်နှင့် အမြွတ်လာထုတ်နေသည်ကိုး။ တွေးရင်းတွေးရင်းနှင့် ဦးနီဘို ဒေါသတို့ လှိမ့်လှိမ့်



www.burmeseclassic.com

www.burmeseclassic.com



တက်လာ၏။ ထို့ကြောင့်

"ပေဒါ"

နောက်ဖေးဘက်မှ လှစ်ခနဲ လူရိပ်တွေ့လိုက်ရသည်။ ပြူးဖြီးဖြီးနှင့် ပေဒါ၏မျက်ခွက်။

"ဟေ့ ဟိုမှာ ပေဒါပြေးပြီ လိုက်လိုက်"

"မလွတ်စေနဲ့ဟေ့"

"လိုက်ကြဟေ့ လိုက်ကြ"

ဝုန်းခနဲ အသံသာ ကြားရသည်။ တစ်သက်လုံး အပျင်းတစ်နေသည့်ငနဲ၊ ဘယ်ကတည်းက အားရှိနေသည်မသိ။ ပြေးတာမှမှုံနေသည်။

ရွာသားများ လိုက်မမီတော့။

+ + +





ပေဒါ မျက်နှာကသာ ပြူးဖြီးနေရသော်လည်း အားကုန်ပြေးနေရသည်။ သူ့ဘဝကမလွယ်။ အဖေမိလျှင်လည်း သက်သာမည်မဟုတ်သလို၊ ရွာသားများလက်ထဲရောက်လျှင်လည်း ချောင်မည်မဟုတ်။ အနည်းဆုံး ထိတ်တုံးတွင်တော့ တစ်ညခန့်အိပ်စက်ရပေမည်။ ထို့ကြောင့် ခြေကုန်သုတ်နေရခြင်း ဖြစ်၏။ အတန်ကြာမှ ခြေလှမ်းကို ရပ်တန့်လိုက်သည်။ ဘေးဘီဝေ့ကြည့်တော့ ရွာအပြင်ဓနိတောကိုပင် ရောက်နေပေပြီ။

တစ်သက်နဲ့တစ်ကိုယ် ဤမျှလောက် ပင်ပင်ပန်းပန်းမလုပ်ဘူးတော့ ရင်ဘတ်ကြီးကပင် ဖားဖိုလိုဖြစ်နေသည်။ အနီးအနားဝေ့ကြည့်တော့ ဘယ်သူမှရှိမနေ။ ရွာထဲဘုရားပွဲ၌ အပျော်ကြူးနေကြ



www.burmeseclassic.com

www.burmeseclassic.com



ဟန်တူ၏။ ထို့ကြောင့်၊

"ထူးပါဘူးလေ၊ အမောပြေ ဓနိရည်လေးပဲ ခိုးသောက်တာ ပေါ့"

ဟု စဉ်းစားမိပြီး ဓနိပင်တွင် ချိတ်ဆွဲထားသော ဓနိရည် အိုးများကိုရှာပြီး မော့သောက်လိုက်သည်။ ဇာတိက ပြချေပြီ။

"ဟား ဆိုးဘူးဟ၊ ပင်ကျစင်စစ်ဧကန်ဖြစ်တော့သကိုး"

ဗေဒါ သဘောကျသွားပြီး တစ်အိုးပြီးတစ်အိုး ကုန်အောင် သောက်လိုက်သည်။

ဓနိတန်းတွင်လည်း ဘယ်သူမှရှိမနေတော့ စိတ်ကြိုက်ဆော် ၍ ရနေပြီပဲ။ နွားငတ်ကြီး ရေထဲကျသလို စိတ်ကြိုက်ပင်တွယ်နေ လိုက်တော့သည်။

အတော်မူးနေချိန်၌ ဘယ်နှအိုးမြောက်မှန်း မသိတော့။ မှတ် လည်းမထားနိုင်တော့။

မူးမူးရူးရူးနှင့် ဓနိတောထဲမှ ပြန်ထွက်လာကာ၊

"ဆုတံဆိပ်လေး ခိုးမိတာ သူတို့အသားပဲ့ပါသွားတာကျလို့"

ရေရွတ်ရင်း၊

"အင်း ဇိမ်နဲ့နှပ်ဖို့ နေရာရှာမှ"

ဝေဝေဝါးဝါးနှင့် ကျိန်းစက်ရန် နေရာရှာလိုက်သည်။ အနီး အနားတွင် အဖီပါသည့် အဆောက်အဦးပင်မတွေ့။ ခပ်ဝေးဝေးတွင် ကောက်ရိုးပုံတစ်ပုံ။ ဗေဒါ ဝမ်းသာသွားသည်။

"ရေကန်အသင့် ကြာအသင့်ပါလား၊ ဟားဟား ကြိုက်သွား ပြီ"

ဆိုကာ ကောက်ရိုးပုံဆီ ယီးတီးယိုင်တာနှင့် လှမ်းသွားသည်။ နောက် ကောက်ရိုးပုံထဲ အားရပါးရ လှဲချလိုက်သည်။

"ဟား ခုမှပဲ နတ်စည်းစိမ် ခံစားရတော့မယ်"





လူတွေမမြင်အောင် သူ့ကိုယ်သူ ကောက်ရိုးတွေနှင့် ဖုံးလိုက် သေးသည်။ လူတွေမြင်သွားလျှင် ပြဿနာရှိတာကိုး။ နောက်တော့ မောလည်းမော၊ မူးလည်းမူးနေသည်မို့ မှေးခနဲ။ အအိပ်မက်သူပီပီ ချက်ချင်းငိုက်ကျသွားလေတော့သည်။

\+ + +



www.burmeseclassic.com

www.burmeseclassic.com



ကောက်ရိုးပုံတွင် ပေဒါနှင့်သူ့ချစ်သူပြာလဲ့တို့ တွေ့နေကြသည်။ ယနေ့ကျမှ ပြာလဲ့က အချစ်စူးကာ ပေဒါကို တင်းကြပ်စွာ ဖက်ထားသည်။ နှုတ်မှလဲ

"မခွဲနိုင်တော့ဘူး သိလား၊ ရွှတ်"

ပြာလဲ့၏အနမ်းရေယဉ်ကျောအောက် ပေဒါ ပြုံးပြုံးကြီး မျောနေသည်။

"ရွှတ် တကယ်ပြောတာ ရွှတ်၊ မယုံလို့လား၊ ရွှတ် ရွှတ်"

အပြောထက်ကို လက်တွေ့က ပိုများနေသည်။

"ကိုပေက ပြာလဲ့ကို ဘယ်တော့လက်ထပ်မှာလဲဟင် ရွှတ်"

ပြာလဲ့အမေးကို ပေဒါပြုံးပြီး၊





"ဟိုလေ ဒီဝါကျွတ်ရင် နှစ်ဖက်မိဘပြောပြီး"

သူ့စကားကို ပြာလဲ့က မျက်တောင့်နီကြီးနှင့်ကြည့်ကာ၊

"မရဘူး၊ အခုကို လက်ထပ်ရမယ်၊ ကဲ ရွှတ်၊ ကဲ"

ဆိုကာ ပေဒါကို အတင်းဆွဲလှဲလိုက်ပြီး၊

"အခုကိုပြုရမယ်၊ အခုကိုပြုရမယ် ကဲ"

ပေဒါ ပြာလဲ့၏အပြုအမူကြောင့် လန့်သွားပြီး၊

"ပြာလဲ့ ပြာလဲ့ ဘယ်လိုဖြစ်၊ အဲ ဘာတွေလိုက်ဆွဲ၊ ဟာ"

ပေဒါ ခန္ဓာကိုယ် အေးခနဲ အထိအတွေ့။ ပေဒါလန့်ပြီး အတင်းရုန်းကာ

"ဟာ ပြာလဲ့၊ မလုပ် မလုပ်နဲ့လေ ဟာ"

ရုန်းကန်ရင်း မျက်နှာပေါ်လာကျသော နေရောင်အထိအတွေ့ကြောင့် ပေဒါ အံ့အားသင့်သွားသည်။ နောက် ဘေးဘီဝေ့ကြည့်လိုက်တော့ ပြာလဲ့မဟုတ်။

"နွား နွားကြီး"

ထိုတော့မှ ပေဒါ ပြန်သတိရသည်။ ဆုဖလားခိုးမှုနှင့် အိမ်မှထွက်ပြေးကာ၊ ခနိုရည်တဝတပြဲသောက်ပြီး ကောက်ရိုးပုံထဲ လာအိပ်နေကာမှ ဦးနိုင်မောင်၏နွားသိုး ချိုလိမ်ကြီး။ နွားကြီးက ချိုတစ်ချောင်းလိမ်နေ၍ ချိုတစ်ချောင်းသာ မြင်ရသည်။ ထိုနွားကြီးချိုလိမ်က ကောက်ရိုးပုံမှ သူ့ပုဆိုးကို ကောက်ရိုးအမှတ်နှင့် လာဝါးနေခြင်းဖြစ်သည်။ ဒါကို သူ့ချစ်သူပြာလဲ့က အချစ်ကြမ်းနေသည် အမှတ်နှင့် အိပ်မက်မြင်မက်နေခြင်းပင်ဖြစ်တော့၏။ ထို့ကြောင့် ပေဒါ လန့်ဖျပ်သွားပြီး

"ဟော့ကောင် မလုပ် မလုပ်နဲ့လေကွာ၊ ဟော့ကောင် အဲဒါငါ့ဟာ"

ပေဒါ ကျွတ်ပါသွားသော နွားပါးစပ်ထဲက သူ့ပုဆိုးကို အတင်းခြေကန်ပြန်ဆွဲသည်။



www.burmeseclassic.com

www.burmeseclassic.com



**ပါးစပ်ထဲ လုံချည်ကိုက်ပြီး**
**ဖုန်တထောင်းထောင်းထအောင်**
**ပြေးလာသော နွားကြီးကို**
**မြင်တော့ ပွဲလာသူအားလုံး**
**မျက်လုံးပြူးကုန်၏။**

"ဝမ်းဘော" 

နွားကလည်း သူ့အစာကို အတင်းပြန်လုရလေမလားဟုဆိုပြီး ခြေကန်ရုန်းသည်။ ဗေဒါကလည်း လျှော့လို့မဖြစ်။

"ဟေ့ကောင် အဲဒါ ကောက်ရိုးမဟုတ်ဘူး၊ ပုဆိုးကွပုဆိုး၊ ပြန်ပေးစမ်း"

ခက်တာက နွားက လူစကားနားမလည်။ သူ့အစာကို လူဝင်လုရမလားဆိုပြီး၊

"ဝမ်းဘော"

ဟုအော်ကာ ခေါင်းကိုယမ်းထုတ်လိုက်တော့၊

"ဟာ သေပါပြီ"

"ဖုန်း"

နွားပါးစပ်ထဲမှ လုံချည်ကို အတင်းဆွဲထားသောဗေဒါ လေထဲမှာမြောက်ကာ ကျွမ်းပစ်ပြီး ခွေးကျ,ကျသည်။ သူ့အစာကို သူပိုင်ပြီသိသော နွားသိုးကြီးက

"ဝမ်းဘော"

ဟု ဝမ်းသာအားရမြည်တမ်းကာ ရွာခြမ်းဖက်သို့ ပြေးထွက်သွားလေတော့သည်။ ခုန နွားကြီးကောင်းမှုနှင့် ကျွမ်းထိုးခဲ့ရသော





ဗေဒါမှာ ဒေါသထွက်ပြီး ဖုန်ထဲမှ လူးလဲထသည်။ ခါးကလည်းမျက်၊ နားထင်ကလည်း ခွက်မို့ ဒေါသထွက်ပြီး၊

"ဩော် ငါ့ကိုဖုန်လူးတဲ့နွား၊ သိကြသေးတာပေါ့၊ ငါလာပြီဟေ့၊ မင်းသေဖို့သာပြင်"

ဆိုကာ နွားနောက်အတင်းပြေးလိုက်လေတော့သည်။ သူကတော့သူ့ဒွေးသားဆိုတော့ ဒီနွားတစ်ကောင်ဖိုးလောက်က သတ်စား၍ရသည်ကိုး။

"ဟေ့ကောင်နွားကြီး၊ မင်း ပြေးနိုင်မှလွတ်မယ်ကွ၊ ဟားဟား"

နှုတ်မှ ဒေါသတကြီးအော်ပြီး နွားကြီးနောက် ပြေးလိုက်လေသည်။ ဖြစ်ချင်တော့ နွားကြီးပြေးသွားတာက ဘုရားပွဲပျော်ပွဲရွှင်ပွဲလုပ်နေသော နေရာသို့။ လှည့်မကြည့်ဘဲ ပြေးနေသောနွားသိုးကြီးမှာ သူ့မျက်စိထဲ ဖင်ခါ၍ ပြောင်ပြနေသယောင် မြင်ရတယ်။ သူက အနောက်က ကြည့်နေရသူကို။

ဗေဒါ ဒေါသတို့ ငယ်ထိပ်ဆောင့်ရှာပြီ၊ ဘာမှမမြင်တော့ ဘာမှလည်းမသိတော့၊ အမိကရည်ရွယ်ချက်က နွားကြီးကိုမိရန်သာ၊

"ဟဲ့နွား၊ နင်ပြေးနိုင်မှ လွတ်မယ်"

သူ၏ဒေါသတကြီးအော်သံ။ သူကိုယ်သူလည်း ဒေါသစိတ်နှင့် ဘယ်ရောက်နေမှန်းမသိ။ပွဲခင်းထဲမှာတော့၊

"ဟာ"

"ဟင်"

"ဘယ်လိုဖြစ်လာတာလဲဟ"

ပါးစပ်ထဲ လုံချည်ကိုက်ပြီး ဖုန်တထောင်းထောင်းထအောင် ပြေးလာသော နွားကြီးမြင်တော့ ပွဲလာသူအားလုံး မျက်လုံးပြူးကုန်၏၊ ထို့ထက် ပိုမျက်လုံးပြူးစရာက နွားသိုးနောက် တရစပ်လိုက်ချလာသော ဗေဒါ။ အားလုံးတခုန်ကာ၊



www.burmeseclassic.com

www.burmeseclassic.com



ရွာသားများမှာ
ရွာကစားပွဲတွင်
မကျင်းပအားတော့ဘဲ
ပေဒါနှင့်နွားကြီးအဖြစ်ကို
တစ်မျိုးမြင်ပြီး၊

"ဟ ဟ ဒါ ဒါက ဘယ်လို"

"အောင်မလေး လုပ်ကြပါဦး၊ ဘာကြီးလဲ မြင်ဖူးပြီ၊ မြင်ဖူးပြီ"

"ဟင် ဒီ ဒီကောင်"

နွားကြီးအနောက်က ဒေါသတကြီးလိုက်လာသော ပေဒါကို မြင်တော့ ထွက်ပြေးသည့်မိန်းမက ထွက်ပြေး။ ပြေးဝင်လာသောကလေးများနှင့် ရှုပ်ယှက်ခတ်ကုန်၏။ ပေဒါကတော့ ဘာမှမသိတော့။ သူ့စိတ်ထဲတွင် နွားကြီးမိရေးပင်။ နွားဖင်ကိုကြည့်၍ ဒေါသက ငယ်ထိပ်ဆောင့်နေပြီ။ ထို့ကြောင့် တရကြမ်း ပြေးလာ၍ ပွဲလယ်တွင် ရပ်လိုက်ပြီး၊

"နွား ခုနကနွား ဘယ်ရောက်သွားလဲ"

လူအားလုံးက လက်ညှိုးပင်မညွှန်နိုင်။ သူ့ကို ထူးဆန်းစွာကြည့်သည်။

"နွား နွားကြီး ဘယ်မှာလဲဆို ပြောစမ်း"

သူ့အော်သံကြောင့် ရွာသားအားလုံး ယောင်ယောင်ကမ်းကမ်းနှင့် ရွာအရှေ့ခြမ်းစမ်းချောင်းဆီသို့ ပြိုင်တူလက်ညှိုးထိုးညွှန်ကြသည်။ ထိုတော့မှ ပေဒါလည်း ဝမ်းသာအားရနှင့်၊





"ဟားဟား မြေပုံရပြီပဲ၊ မင်း ဘယ်ပြေးမလဲ နွားမသားရယ်၊ ဟားဟား မင်းကိုဆုံးမဖို့ ပေဒါလာပြီ"

ဆိုကာ ရွာအရှေ့ခြမ်းစမ်းချောင်းသို့ ပြေးချသွားလေတော့၏။ ရွာသားများမှာ ရွာကစားပွဲတွင် မကျင်းပအားတော့ဘဲ ပေဒါနှင့်နွားကြီးအဖြစ်ကို တစ်မျိုးမြင်ပြီး၊

"ဟ ဒီကောင့်နှယ် နွားသိုးတောင် မရှောင်ပါလား"

"အောင်မလေး ကြောက်စရာပါလားနော်၊ လူမဟုတ်တဲ့ နွားနဲ့မှ၊ နွားကမှနွားထီး"

"ဘာဆက်ဖြစ်မလဲလို့ လိုက်ကြည့်ရအောင်"

ဆိုကာ ပေဒါနှင့်နွားသိုး ပြေးချသွားသော ရွာအရှေ့ခြမ်းသို့ လိုက်ချသွားကြတော့၏။

ရွာအရှေ့ခြမ်းစမ်းချောင်းဆီရောက်တော့ အခန့်သင့်ပင်။ သူတစ်ဖက်သတ် ကြိတ်ပိုးနေသော ပြာလဲ့တို့သူငယ်ချင်းတစ်စု စမ်းချောင်းမှာ သုံးရေခပ်ချိန်နှင့်ကြုံသည်။

ယခုလိုအချိန်မျိုး၌ ပြာလဲ့တို့လူစုနှင့်ဆုံတာကို ပေဒါဝမ်းသာသွားသည်။ ပြာလဲ့တို့က သူ့ဒေါသထွက်တာ မြင်မှမမြင်ဘူးတာကိုး။ ယခု ကံကောင်းလွန်းလို့ မြင်ဖူးပြီလေ၊ ထို့ကြောင့် ပို၍ ဒေါသထွက်ချင်ယောင်ဆောင်ပြီး ပြာလဲ့တို့နားပြေးသွားကာ၊

"နွားကြီး၊ ခုန ဒီဖက်ကို နွားကြီးတစ်ကောင် ပြေးလာတာမြင်လား၊ နွားကြီးတစ်ကောင်ပြေးလာတာ မြင်လား"

သူ့အမေးမဆုံးမီ ပြာလဲ့နံဘေးက ဘုတ်ဆုံခေါင်းပေါ်မှ ရေအိုး ခွမ်းခနဲကျကွဲသံ ကြားရ၏။

ပြာလဲ့က သူ့ကို ကြက်သေသေသလိုကြည့်ကာ

"ချို ချိုတစ်ချောင်းနဲ့နွားကြီး ဂစ် ဂစ်"

စကားပင်မဆုံးလိုက်။ ခေါင်းပေါ်မှရေအိုး ခွမ်းခနဲကွဲကျကာ



www.burmeseclassic.com

www.burmeseclassic.com



လူလည်း ပုံလျက်လဲကျသွား၏။

သိပ်မကြာ။ နောက်လူများ၏ ရေအိုးကျကွဲသံ တခွမ်းခွမ်း။

"ဟင် ဘာဖြစ် ဘာဖြစ်"

ပြာလဲ့တို့အုပ်စုကိုကြည့်၍ ဒေါသထွက်ချင်ယောင်ဆောင်နေသော ဗေဒါ ကြောင်သွား၏။ နောက် ယောင်ပေပေနှင့်

"ပြာလဲ့ ပြာလဲ့ ဟိုနွားကြီး ငါ့လုံချည်ကိုက်သွားတာကို နင်တို့က ဘာဖြစ် ဟာ"

ဟု ငုံ့ကြည့်ရာ၊

"ဟာ"

ထိုတော့မှ ဗေဒါ ခေါင်းနပန်းကြီးသွား၏။

"ဟင် လုံချည်၊ ငါ့ ငါ့လုံချည်"

မျက်နှာပင် ဘယ်နားထားရမှန်းမသိ။ ရှိစုမဲ့စုအင်္ကျီကို ဆွဲချမိသည်။ မမီ။ ဒေါသကြောင့်သာ သတိမထားမိတာ။ သူက လုံချည်ချွတ်၍ တစ်ရွာလုံး ပတ်ပြေးမိခဲ့ပြီ။ ယခုလည်း ရေခပ်ဆင်းသော မိန်းကလေးများရှေ့မှာ။

"အား"

ဗေဒါ သူ့ဘာသာသူငုံ့ကြည့်ပြီး ရေထဲသို့ ဝုန်းခနဲခုန်ဆင်းမိသည်။ ဖြစ်ချင်တော့ နွေရာသီစမ်းရေချောင်းရေ ဖြစ်သည့်အတွက် ရေက ဒူးခေါင်းလောက်သာရှိသည်။ ဘယ်နေရာမှမလုံ။ ထို့ကြောင့် ဒူးခေါင်းလောက်ရေထဲ ကြောင်စီစီနှင့် ဘာလုပ်ရမှန်းမသိဘဲ ဆောင့်ကြောင့်ထိုင်ချလိုက်မိသည်။

ခါးတစ်ပိုင်းက ရေပေါ်မှာ။ ဒူးနှစ်လုံးကလည်း ရင်ဘတ်ထောက်၍ သူ့ကိုပြောင်ပြနေသလို။

ပထမတော့ ရှက်လွန်း၍ ဘာလုပ်ရမှန်းမသိ။ နောက်တော့ ပြာလဲ့တို့အုပ်စု ကုန်းပေါ်မှာမေ့လဲနေတာ သတိရသွား၏။





သို့သော် ရေပေါ်ပေါ်နေသော
သူ့မျက်နှာကြီး သူများတကာ
မြင်နေရတော့လည်း
ကြာတော့ရှက်လာ၏။ ထို့ကြောင့်
အရှက်ပြေပြေပြီး ရေထဲသို့
ခေါင်းကို မဟုံခနဲ ငုံ့ချလိုက်သည်။

အပျင်းကြီးသူ ဒေါသကြီးသူဖြစ်သော်ငြား သနားကြင်နာတဲ့ စိတ်ကလေးရှိသူမို့ ရှိစုမဲ့စုရေလေးနှင့် ကုန်းပေါ်ပက်တင်ကာ၊

"ပြာလဲ့ ပြာလဲ့ ထ ထ"

ဟု ရေပက်၍ နှိုးနေသေး၏။

"ပြာလဲ့ ဘုတ်ဆုံ ညိုချော ထကြလေ ထကြ"

သူပက်တင်သောရေ အစင်များသောအခါ ခုနက ချိုတစ်ချောင်းနှင့်နွားကြီးအားမြင်၍ မေ့နေကြသော မိန်းမတစ်စု ပြန်နိုးလာကြသည်။

"ဟင် ဟင် ခုနက ချိုတစ်ချောင်းကြီး"

"ဘာကြီး၊ ဘာကြီးလဲ၊ ဒါကြီးဘာကြီးလဲ"

ဇဝေဇဝါ ဖြစ်နေကြသည်။ အခန့်သင့်ပင်။ သူတို့နိုးလာသောအချိန်၌ပင် ရွာသားများ ကမ်းလုံးညွှတ်မျှ စမ်းချောင်းဆီ ရောက်လာကြသည်။

ဒူးမျှသာရှိသော စမ်းချောင်းရေထဲ ဆောင့်ကြောင့်ထိုင်နေသော ဗေဒါကို လက်ညှိုးတထိုးထိုးနှင့် လာကြည့်နေကြသည်။ ဗေဒါကလည်း ရလိုရငြား အောက်ကရေကို အနယ်ထအောင် ဖွလိုက်သေး၏။ သိပ်တော့မဆိုး။ သို့သော် ရေပေါ်ပေါ်နေသော သူ့မျက်နှာကြီး



www.burmeseclassic.com

www.burmeseclassic.com



သူများတကာမြင်နေရတော့လည်း ကြာတော့ရှက်လာ၏။ ထို့ကြောင့် အရှက်ပြေလိုပြေငြား ရေထဲသို့ ခေါင်းကို ပလုံခနဲ ငုံ့ချလိုက်သည်။

အရှက်တော့ပြေပါသည်။ သို့သော် ရေကတိမ်နေတော့ တစ်ပိုင်းလုံလျှင် တစ်ပိုင်းမလုံသော သဘောအတိုင်း ခြေနှစ်ချောင်းကွေးကွေးကြီးနှင့် ကားကားကြီး ရေပေါ် ပေါ်လာသောအခါ၊

ကြောင်ငေးနေသော ကမ်းပေါ်မှလူများ ထိုတော့မှအထိတ်တလန့်နှင့်

"ဟာ ဟိုကောင် ဘာလုပ်ပြတာလဲ"

"ဒါ ဒါ သက်သက်စော်ကားတာ"

"အေးလေ၊ ခုနကလည်း ရွာထဲ ပတ်ပြီး လုပ်ပြပြီးပြီ"

"ဒါတော့ တစ်ရွာလုံးကို ဒါပဲဆိုတဲ့ အဓိပ္ပာယ်ပဲဟေ့၊ ဒါတော့ သည်းမခံနဲ့"

ဆိုကာ လူအများ၏ဒေါသကို ငယ်ထိပ်ရောက်အောင် ဆွလိုက်သလို ပြီတီတီခြေနှစ်ချောင်းက ရေပေါ်တဖောင်းဖောင်းရိုက်ပြနေလေတော့ ဘယ်သူမှ သည်းမခံတော့။

"ဒီလောက်စော်ကားတဲ့ကောင် ချကွာ"

"ဟေ့ လေးခွနဲ့ဆွဲပါကွ"

"အုတ်ခဲနဲ့ထုဟေ့၊ အုတ်ခဲနဲ့ထု"

"ပေးစမ်း၊ ငါ လှံနဲ့ဆင်းထိုးမယ်"

ခေါင်းက ရေထဲရောက်နေသဖြင့် အပေါ်မှာ ဘာဖြစ်နေသည်ကိုမသိ။ သိပ်မကြာခင်အချိန်အတွင်းမှာ ဥတက်အောင်(ဥပမိ ရုပ်တက်အောင်)လုယက်အတေခံရ၍ မွေးမေလ့ေသားအကောင်းစားခမျာ ရေထဲ တအုအုနှင့်အော်ရင်း ပြန်ပေါ်လာရရှာလေသည်။

ပေါ်ပြန်လည်းမသက်သာ၊ ချောင်းအသွယ် မြောင်းငယ်လေးမှာ ကျူရိုးရှင်ကို မြင်ပြီးသကာလ၊ ပွက်ထဲ ခေါင်းနှစ်ပျော်ပါးထား





သော ဘဲခေါင်းသဖွယ် သူ့ရုပ်ငယ်ကို မြင်ပြန်လေတော့။

"ဟာ ဒီကောင် ဒီလောက်ထုတာတောင် ငါတို့ကို ပြောင်ပြနေသေးတယ်၊ ဆက်ထုကွ၊ ဆက်ထု"

"ချပါဟ၊ မမှတ်သေးဘူးဟ"

အများတကာ မဆိုထားနှင့်၊ မွေးသဖခင် ကျေးဖူးရှင်ပင် သည်းမခံနိုင်တော့ဘဲ၊

"ဟေ့ကောင်တွေ အဲဒါ ငါ့သားပဲ တစ်ခါတည်း တံကျင်လျှိုပစ်"

ဟူသောမြည်သံပေး၍ သူကိုယ်တိုင် ဘတ်ခွကြီးနှင့် စိမ်ပြေနပြေထိုင်ဆွဲနေလေတော့ ရွာသားများ အားရရှာပြီပေါ့။

ထမင်းရည်ချောင်းစီး မောင်းတီးသလို ခေါင်းချည်းတဒုံဒုံနှင့်အတီးခံနေရသော ခေါင်းခမျာ မစားသာတော့။ ထို့ကြောင့် သက်သာလိုသက်သာငြား ဘဲခေါင်းကိုရေနှစ်၊ ကျူရိုးရှင်ကို ပြန်ထောင်လေပြန်ရာ၊

"ဟ ဟ ဒီကောင် တယ်လည်း အခွက်မာပါလား၊ ကြည့်စမ်းဟေ့ ဟေ့၊ ကလေးနဲ့မိန်းမတွေ မျက်နှာလွှဲ၊ ငါ အုတ်နီခဲနဲ့ အတက်ကိုဆွဲမယ်၊ ကဲ လာလေ့"

"ဟဲ့ ချက်ကောင်းထိအောင် သုံးခွမှိန်းနဲ့ ဆွဲပါဟ၊ ဖောက်ဖောက် ကျွိ ဆိုတဲ့အသံ ကြားရအောင်"

"မလုပ်ပါနဲ့၊ ကလေးသနားပါတယ်၊ ငါ အဝိနဲ့ပဲ ဆင်းဖောက်လိုက်မယ်"

"ပစ်မှတ်တွေ့ပြီ၊ ဂျင်ဂလိပေးစမ်း"

ဆိုကာ သားရေကွင်းနှင့်ပစ်လျှင်ကို ဆတ်ဆတ်ခါအောင်နာတတ်သော ကျူရိုးမှာ ရေရှည်မခံသာ။ ထို့ကြောင့် တစ်ပြန်တင်လဲ ဘဲခေါင်းကို အလှည့်ပေးရပြန်ရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



မိဘက မွေးကတည်းက လက်သည်က သောက်မြင်ကပ်ပြီး တင်ပါးကို တဖောင်းဖောင်းနှင့် အဆွဲခံထားရသော မျက်နှာကလည်း တူနှင့်ထုလျှင် ပုပုဝင်သွားသောအရုပ်လို စပ်ဖြဲဖြဲပြန်ပေါ်လာသောကြောင့် မျက်ခွက်တစ်ခုကပင် ဒေါသကို ဆွနေသယောင်။

"ဟဲ့ ဟဲ့ ခေါင်းအလှည့်ကွယ့်၊ ခေါင်းကိုဆွဲ၊ ခေါင်းကိုဆွဲ"

"နဖူးပြောင်ကို ချိန်ပါဟဲ့"

ဤသို့ဖြင့် ဘဲခေါင်းတစ်လှည့်၊ ကျူရိုးတစ်လှည့်၊ အလှည့်ကျခံနေရသောအခါ နှစ်ခုလုံးက ဘယ်သို့မှ မခံနိုင်ရှာတော့။ ထို့ကြောင့် ဗေဒါပျံ့ခမျာ ရေထဲကိုအလျားထိုး၍ ငါးမွေ့ထိုးလို မြစ်ဝရောက်အောင် နိုးတိုး၍ကူးရရှာလေတော့သတည်း။

+ + +





မြစ်ရေအတိုင်း နှာခေါင်းလေးဖော် မျောလာလိုက်တာ ခေါင်းထောင်ထကြည့်တော့ ရွာအပြင် ခနိတောသို့ ပြန်ရောက်နေပေပြီ။

မောလည်းမော၊ နာလည်းနာမို့၊ အရှက်ပြေလိုပြေငြား ရေထဲမှပင် ချိတ်ဆွဲထားသောခနိအိုးများကို ဖြုတ်ခိုး၍ သောက်မျိုချလိုက်ပြန်တော့သည်။ စိတ်ထဲတွင်လည်း

"အေး ရွာသားတွေ ငါ့မျက်နှာမမြင်အောင် ရေထဲဖွက်ထားကာမှ ဘာကြောင့် စိတ်ထဆိုးကြပါလိမ့်၊ အင်း လောက လောက မိဘတောင် သားသမီးကို ဘတ်ခွန့် ထိုင်ဆွဲတဲ့ခေတ်ပါလားနော်"

ဟု လောကကြီးကို မကြေမချမ်းဖြစ်ပြီး စိတ်ကူးကို ဝေဖယန္တာနတ်နန်းရောက်အောင် သောက်မျိုပစ်လိုက်ပြန်သည်။ ခေါင်းနှင့်တင်ပါး



www.burmeseclassic.com

www.burmeseclassic.com



တစ်ဝိုက်မှာလည်း ရွာသားများနှင့် မိဘဦးစီးပြီး တစ်ဦးပြီးတစ်ဦး ထုထားသမို့ အဖုကြီး၊ အဖုပိန်၊ အဖုလတ်တို့ဖြင့် အပေါ်ဒေသဃီရိခေါင်း၊ အောက်ဒေသဃီရိခေါင်းတို့ စီးချင်းထိုးရန် သားရေဘီးကိုစီး၊ လှံကြီးကို ကိုင်စွဲကာ တိုက်ပွဲဝင်ကြတော့မယောင်။

ဘယ်နေရာကြည့်ကြည့် အဖုရှိနေသမို့ အယောင်ကျလိုကျပြား၊ ပင်ကျချိုခါးကို အာခံတွင်းထဲ အတင်းသွပ်သွင်းနေရရှာ၏။

မူးရစ်မှိုင်းဝိုင်းသွားမှ တစ်မျိုးစိတ်ကူးရပြီး၊

"အင်း ဒီအတိုင်းနေလို့ ရေထဲလည်း လေဖြတ်သွားဦးမယ်၊ အိမ်အပြန် အမြင်လှအောင် လုံချည်လေးတစ်ထည်လောက်တော့ တက်မ,ဦးမှ"

ဆိုကာ ရေထဲမှတက်၍ ရွာထိပ်ဖက် ကုပ်ချောင်းချောင်းထွက်လိုက်သည်။ ဖြစ်ချင်တော့ ရွာအစပ်မှာ ပထမဆုံးမြင်ရသည်က မုဆိုးမဒေါ်နှံ့နှင့်သမီးညိုချောအိမ်။

"ဟယ် မထူးပါဘူး၊ သူတို့အိမ်မှာပဲ ဝတ်စရာ ရလိုရငြား ရှာတာပေါ့"

ဟု စိတ်ကူးပေါက်ပြီး ဒေါ်နှံ့အိမ်ခြံထဲ ကုပ်ချောင်းချောင်းဝင်လိုက်သည်။ ရွာထဲလည်း မဝင်ရဲ။ ရွာထဲဝင်လျှင် ဘတ်ခွနှင့်အဆွဲခံရမှာကို။ ကံများကောင်းချင်တော့ လူရိပ်လူခြည်ပင် မတွေ့။ ထို့ကြောင့် အိမ်အနီး အောင်မောင်းခြေထိုးနှင့် တိုးကပ်လာမိသည်။ ခြံထဲဝေ့ကြည့်လိုက်သည်။ ခြံ၏အနောက်သရက်ပင်ထောင့်တွင် လှမ်းထားသောအဝတ်များ မြင်တော့ ဝမ်းသာသွား၏။

အနားရောက်မှ ကြည့်လိုက်တော့၊

"ဟင်"

များများစားစားမဟုတ်။ ထဘီနှစ်ကွင်းနှင့် အလင်းဆောင်ထားခြင်းပင်။ ဘေးဘီဖြဲကားကြည့်မိသည်။ ပုဆိုးနှင့်တူတာ ဘာမှ





မတွေ့။ လင်သေတာ ဆယ်နှစ်ကျော်မုဆိုးမအိမ်မို့ ပုဆိုးရှိဟန်မတူ။ ထို့ကြောင့်

"ဟယ် ထူးပါဘူး၊ ဒါတွေကလည်း လုံတာပါပဲ"

ဟုတွေးမိကာ ခပ်လတ်လတ် ပန်းရောင်ထဘီကွင်းကို လက်လှမ်းဖြုတ်ယူလိုက်သည်။

ထဘီကွင်းလက်ထဲရောက်မှ ဗေဒါတွေဝေသွားသည်။ ထဘီကွင်းကို မျက်မှောင်ကြုတ်ကြည့်ပြီး၊

"အေး ထဘီကွင်းတော့ ရပြီဟုတ်ပါရဲ့၊ ဒါကြီးကို ခေါင်းကလျှိုရတာလား၊ ခြေကလျှိုရတာလားမသိ၊ နောက်ပြီး ယောကျ်ားက ဖြစ်နေတော့ ထက်ဆင့်က အပေါ်ကထားရမလား၊ အောက်ဖက်လှည့်ထားရမလား"

သူမဝေခွဲနိုင်။ လုံချည်ကတော့ ခေါင်းကလျှိုဝတ်နေကျမို့ ကိစ္စမရှိ။ ထဘီကိုခေါင်းကလျှိုလိုက်လျှင် ဘုန်းနိမ့်သွားမှာကလည်း ကြောက်ရသေး၏။ လူကသာ ဘာမှမဟုတ်တာ။ ဒါကျတော့လည်း သိသေး။

"ထဘီကို ခြေကလျှိုလိုက်တာတော့ ဟုတ်ပါပြီ၊ ထက်ဆင့်ကို အပေါ်ကထားရမှာလား၊ ဒါမှမဟုတ် အောက်မှာထားသင့်သလား ထက်ဆင့်ကို အပေါ်ကထားရင် မိန်းမလိုဖြစ်နေမယ်ထင်တယ်"

ဇဝေဇဝါစိတ်နှင့် ထဘီကို ဖြန့်ကြည့်နေမိသည်။ နောက်သတိရပြီး

"အင်း ထဘီကို ဘယ်လိုထားထား ကိစ္စမရှိပေမယ့် ဒီထဘီက သန့်ရောသန့်ရဲ့လား မှန်းစမ်း"

ဟူ၍ အသန့်စိတ်နဲ့ ထဘီကို ငုံ့အနမ်း၊

"ချောက်"

အဝတ်လှမ်းသည့်နေရာနှင့် မလှမ်းမကမ်းတွင်ရှိသော အိမ်



www.burmeseclassic.com

www.burmeseclassic.com



သာတံခါးဖွင့်သံ။

“ဟင်”

“ဟာ”

အိမ်သာတံခါးဝမှာ ပေါ့ပါးလန်းဆန်းစိတ်နှင့် ပြုံးနွဲ့နွဲ့ ထဘီရင်ခေါင်းစည်းထွက်လာသော ဒေါ်နှံ။ သန့်မသန့်စိတ်နှင့် ထဘီငုံ့နမ်းနေသော ဗေဒါ။ တစ်ယောက်ကိုတစ်ယောက် ကြည့်၍ အံ့အားသင့်နေကြသည်။ ဗေဒါ၏မျက်နှာကြီးကလည်း ရပ်ရွာကောင်းမှုနှင့် အဖုအဖောင်းပေါင်း သောင်းခြောက်ထောင်ဆိုတော့ ဒေါ်နှံမှတ်မိပုံမပေါ်။ နောက်မှ ဒေါ်နှံက သတိရပြီး၊

“ဟင် နင် နင်”

ထိုတော့မှ ဗေဒါလည်း အသိဝင်ပြီး

“ဟာ ကျွန်တော် ကျွန်တော် ထဘီပြန်ထား အဲ”

ယောင်တောင်တောင်နှင့် ထဘီကို တန်းပေါ်ပြန်အတင်။

“အား”

ဒေါ်နှံ အပျော်ကြဲအော်သံ။ မုဆိုးမမို့ မမြင်ဘူးတာလည်း မဟုတ်။ (ထဘီပြောပါတယ်)

“ဟာ”

ထိုတော့မှ ဗေဒါသတိရပြီး ထဘီကို ဝတ်ရမလို ပတ်ရမလို ဖြစ်ကာ နောက်ဆုံးကော့ ထဘီကို အလျားလိုက်ပေါင်နှစ်လုံးကြားလျှိုကာ ရှေ့တစ်စ နောက်တစ်စ ဖမ်းလိုက်သည်။ ဒေါ်နှံက သူ့ကို မျက်လုံးပြူးကြည့်ပြီး၊

“ဟင် နင် နင် ဘာလုပ်”

ဒေါ်နှံ၏အမေး မဆုံးလိုက်ပေ။ ဗေဒါက မျက်နှာရှုံ့ကြီးနှင့်၊

“တက်ကလုပ် ဒေါ်ဒေါ် တက်ကလုပ် ဟဲ့မြင်း”

ဆိုကာ ကလေးငယ်များဆော့သလို သူ့ထဘီကြီး ခါးလည်





ခံ၍ တက်ကလုပ် တက်ကလုပ်နှင့် ခုန်ဆွခုန်ဆွ လုပ်ချသွားလေတော့ ဒေါ်နှံလည်း ဒေါ်သထွက်ကာ အိမ်ထောင့်မှမှိန်းကြီးဆွဲယူပြီး

“ဟင် နှာဘူးသူခိုးက ငါ့ထဘီ တက်ကလုပ် လုပ်သွားတယ်၊ တွေ့ကြသေးတာပေါ့ကွာ၊ ဟော့ ဒေါ်နှံတဲ့ဟော့၊ ဒီလိုအပျော်ကြဲလို့မရဘူး၊ ဟိုင်းယား”

ညာသံပေး၍ တက်ကလုပ်နောက် ပြေးလိုက်ချသွားလေတော့၏။

+ + +



www.burmeseclassic.com

www.burmeseclassic.com



ရွာ၏ပွဲတော်ကား စည်ကားလှပါသည်။ ကိုယ်သန်ရာသန်ရာ ကစားပွဲများကို စိတ်ဝင်တစားကြည့်ရှုရင်း ပျော်စရာလည်း ကောင်းလှပါသည်။

ရွာလည်ကွင်းက ကျယ်ပြန့်လှသော်လည်း လာရောက်သူများနှင့် ပြည့်နှက်နေသည်။ အားလုံးကိုယ်စီ စိတ်ဝင်စားရာများ၌ ပျော်ပါးနေချိန်၊

"ဟ ဟ ဟိုမှာဘာတုန်းဟ"

"ဟေ့ ဟေ့ ကြည့်ကြပါဦး၊ ဘာဖြစ်တာလဲ"

"ပြိုင်ပွဲလား၊ ဒါ ပြိုင်ပွဲလား"





လူအားလုံး အံ့အားသင့်သွားကြသည်။ အံ့အားသင့်လျှင်လည်း သင့်စရာ။ မြင်ကွင်းကား အရှေ့မှာ မျက်နှာဘီလူးရုပ်နှင့် ထဘီ ဘွင်းကို တက်ကလုပ်လုပ်စီးရင်း ခုန်ဆွခုန်ဆွ လုပ်လာသူ တစ်ယောက်။ ထဘီနှစ်စက သူခုန်လိုက်တိုင်း ဘတ်လတ်ဘတ်လတ်နှင့် ခုန်ဆွလို့။ မသိလျှင် ကလေးပုခက်ကို ခြေနှစ်ဖက် ခွစီးလာသလို။ အနောက်မှာက

"ဟေ့ အဲဒီနွားဘူးသူခိုးကို မလွတ်စေနဲ့ဟေ့"

ဆိုကာ မှိန်းကြီးလက်မှာဆွဲ၍ အံခဲလိုက်လာသူတစ်ယောက်။ သူတို့ကိုကြည့်ပြီး

"ဟဲ့ ပါဖောမင့်ထင်တယ်"

"ဟင် ပါဖောမင့်ကလည်း ထဘီကြီးစီးလို့"

"ဟဲ့ သူ့ခါးမှာ ဘတ်လတ်ဘတ်လတ်ကြီးက ဘာကြီးလဲ"

"ဘတ်လတ်ကြီးပေါ့ဟဲ့၊ ဟဲ့ အောင်မလေးတော့"

လူများ ရှဲခနဲဖြစ်သွားသေး၏။ နောက်မှ တစ်ယောက်က

"ဟဲ့ ဟဲ့ ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

သူ့အမေးကို အနောက်က မှိန်းနှင့်လိုက်လာသောဒေါ်နှံ့က

"ဘာဖြစ်ရမှာလဲ၊ ထဘီသူခိုးဟေ့၊ ထဘီသူခိုး၊ ငါ့အိမ်ကထဘီကို နမ်းပြီးလာခိုးလို့"

"ဟာ"

"ဟင်"

ဒေါ်နှံ့စကားကြောင့် အားလုံးအံ့အားသင့်သွားကြသေး၏။ နောက်မှ၊

"ဟင် ထဘီသူခိုးတဲ့ဟေ့၊ လိုက်ကြပါဟေ့"

"ပွဲတော်ရက်မှာမှ ထဘီဝင်ခိုးရဲတဲ့ကောင် သေပေတော့"

"ဟေ့ တုတ်တွေ ဓားတွေဆွဲကြပါဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဦးနီဘိုမှာ
ပထမတစ်ကြိမ် တစ်ရွာလုံး
အပြုတ်နှံ့ထားသဖြင့်
လူရုပ်ပင်မပေါ်တော့သော
သားတော်မောင် ကို မမှတ်မိတော့။

အားလုံး ရုတ်ရုတ်သဲသဲဖြစ်ကုန်၏။ နောက်တော့

"သူခိုးဟေ့၊ သူခိုး၊ ရွာထဲဝင်လာပြီ၊ ဖမ်းကြဟေ့"

"ဟေ့ သူခိုးတဲ့ဟေ့၊ သတိထားကြ"

တစ်ရွာလုံး အော်ဟစ်သံတို့ဖြင့် ဆူပွက်ကုန်၏။ ပေဒါ ဒေါ်နှံ့ ထဘီကြီး တက်ကလုပ် လုပ်ရင်း မောလာသည်။

သို့သော် ကိစ္စမရှိ။

သူ့အိမ်ရောက်လျှင် ကိစ္စအေးပြီ။ ထို့ကြောင့် ခြေကိုမချဘဲ အိမ်ကို ရောက်အောင် အားကုန်သုတ်နေရသည်။

သူကပဲ သွက်နေတာလား၊ ရွာသားများကပဲ တုတ်၊ ဓားများ နှင့် လေးနေသည်လားမသိ။

သူ စိတ်လွတ်ကိုယ်လွတ် တက်ကလုပ် လုပ်နေသည်ကိုပင် မမီကြ။

ပြေးရင်းပြေးရင်း အိမ်နားရောက်တော့ ပေဒါမောသည့် ကြားက ပျော်သွား၏။

"ဟား အိမ်ရောက်ပြီကွ ဟားဟား"

ဆိုကာ အိမ်ဖက်သို့လှည့်အဝင် ပထမဆုံးမြင်ရတာ ဆီးကြိုနေ သော ဖခင်ဦးနီဘိုမျက်ခွက်၊





"အောင်မာ သူခိုးက ငါ့အိမ်ဝင်တာပေါ့လေ၊ လာရဲလာကြည့် ဟောဒီမှာ"

ဘတ်ခွနှင့်ချိန်ထားသော သူ့အဖေနီဘိုကိုမြင်တော့ လန့် သွားသေး၏။ နောက်မှ သတိရပြီး၊

"အဖေ ကျွန်တော် ကျွန်တော်"

သူ့အသံလည်းကြားရော ဦးနီဘိုဒေါသကို ဆွပေးလိုက်သလို ဖြစ်ပြီး၊

"အောင်မာ ထဘီသူခိုးက ငါ့ကို အဖေခေါ်တယ်ပေါ့လေ၊ တဲကွာ"

"ဖောင်း"

"ကတောင်"

"အောင့်မလေးဗျ"

ခေါင်းပေါ်ကျလာသော လေးသီးကြောင့် ပေဒါကြောင်သွား ၏။ နောက်ထပ်အထွန့်တက်ကာ၊

"အဖေ"

သူခေါ်သံ။ သို့သော် ဦးနီဘိုမှာ ပထမတစ်ကြိမ် တစ်ရွာလုံး အပြုတ်နှံ့ထားသဖြင့် လူရုပ်ပင်မပေါ်တော့သော သားတော်မောင် ကို မမှတ်မိတော့။ မိခင်ကပင် ကတ်ကြေးနှင့် ထွက်လာပေပြီ။ ပါးစပ် မှလည်း အော်သေး။

"သတ်ပစ်"

ထို့ကြောင့် ဦးနီဘို အားရပြီး၊

"ဘာအဖေလဲ ကဲဟာ"

"ကတောင်"

"ကဲဟာ ကတောင်"

မိုးသီးမိုးပေါက်လို ကျလာသော လေးသီးများကြောင့် ပေဒါ



www.burmeseclassic.com

www.burmeseclassic.com



မနေရဲတော့။

“အား”

အာခေါင်ခြစ်အော်ကာ ရှာထိပ်တောတန်းဖက် သုတ်ချေတင်ရလေတော့သည်။

+ + +





ကြယ်ကလေးတွေက ကောင်းကင်ပေါ် ပုစိပုစိနှင့်လင်းနေသည်။ လမင်းနှင့်တိမ်ကလည်း ပုကျိပုကျိနှင့် စကားဆိုနေကြပေပြီး

ဗေဒါ မတတ်သာသည့်အဆုံး ဒေါ်နှံကြီးထဘီသာခြုံ၍ ကောင်းကင်ကိုငေးကြည့်နေမိသည်။

ခပ်ဝေးဝေးမှာတော့ မီးရောင်မှိန်ပြပြနှင့် ရွာဇာတ်ပွဲမှဆိုင်းသံ။ ဆိုင်းသံဗုံသံကြားတော့ ဗေဒါ မရိုးမရွ ဖြစ်နေမိသည်။ တစ်နှစ်မှ တစ်ခါဖြစ်သောဇာတ်ပွဲမို့ မကြည့်ရလည်း မနေနိုင်။

ယခုနှစ်တွင်လည်း သူကြိုက်နှစ်သက်သော ပြဇာတ်မင်းသမီး ခင်ထားရီ ပါသည်။ နောက် ပြဇာတ်မင်းသား စိန်ခရမ်းကိုလည်း သူအလွန်ကြိုက်သည်။ သူ့ပြဇာတ်တိုင်း ဇာတ်ကြမ်းတွေချည်း။ သေနတ်



www.burmeseclassic.com

www.burmeseclassic.com



တွေလည်း တဒိုင်းဒိုင်းနှင့်ပစ်၏။

သူ ရွာဆီမျှော်ကြည့်လိုက်သည်။

ဇာတ်ပွဲက စတီတ်ရှိုးပြီးပြီ။ ဒါပြီးလျှင် အော်ပရာလာမည်။ အော်ပရာပြီးလျှင် ပြဇာတ်ပဲ။

တစ်နှစ်တစ်ခါဖြစ်သော ဇာတ်ပွဲမို့ ပြဇာတ်ကိုတော့ သူ အလွတ်မခံချင်။ သွားကြည့်ချင်သည်။ သို့သော် ဘုပေါင်းသောင်း ခြောက်ထောင်နှင့်မို့ ရွာထဲလည်း မဝင်ရဲ။ ရွာထဲဝင်လျှင်လည်း ဖြုံကြမည့်သူက နည်းမည်မဟုတ်။ ဖခင်ကိုယ်တိုင် တံကျင်လျှိုချင်နေသူမို့ ရွာအဝင်ခက်လှသည်။

အော်ပရာစပြီ။ သူပို၍မရိုးမရွ ဖြစ်လာ၏။ သွားသင့်မသွားသင့် စဉ်းစားနေ၏။ နောက်ဆုံးတော့လဲ

"အို ထဘီခြုံသွားရင် မျက်နှာက မြင်ရတာမှ မဟုတ်ဘဲ၊ ဘယ်သူသိမှာလဲ"

ဟုဆိုကာ ပွဲကြည့်ရန်သာ ဆုံးဖြတ်လိုက်သည်။

ယခုအချိန်ထသွားမှ ပြဇာတ်အစကိုမီမှာလေ။

နောက်ပြဿနာတစ်ခုကလည်း ရှိသေးသည်။ သူချစ်သော ပြာလွဲ့။

ပြာလွဲ့ကို ဒီနှစ်ဘုရားပွဲညဉ့် ချစ်ရေးဆိုရန် သူ အစကတည်းက စီစဉ်ထားပြီးသား။ ပြောမည့်စကားလုံးကိုပါ ကြိုတင်ရွေးချယ်ထားပြီးသား။

စကားကလည်း နိပ်သည်။ သာမန်ပြဇာတ်မင်းသားများပင် ထိုသို့ စဉ်းစားမိမည်မဟုတ်။ ဘာတဲ့၊

"ဒီမှာပြာလွဲ့၊ ငယ်စဉ်တောင်ကျေး ကလေးဘဝက ငိုတဲ့ကလေးဟာ နို့ပိုစို့ရသတဲ့၊ အခု ငါလည်း အရွယ်ရောက်လာပြီဖြစ်တဲ့အတွက် နင့်ကို ငါ ငိုပြီးချစ်ရေးဆိုပါရစေ၊ ဘာစို့ရမှာလဲဟင်"





ပြီးပြီ။ စကားလုံးတွေက ချည်ပြီးတုပ်ပြီးသား။

ချစ်သူအကြောင်းစဉ်းစားမိတော့ ပိုပြီး မရိုးမရွဖြစ်ရသည်မို့ မတ်တတ်ထလိုက်သည်။ နောက် ထဘီကို ခေါင်းပေါ်ဆွဲခြုံကာ ညမှောင်မှောင်လရောင်အောက်မှာ ပြောင်ပြောင်ပြောင်ပြောင်နှင့်။

\+ + +



www.burmeseclassic.com

www.burmeseclassic.com



သူမှန်းထားသည့်အတိုင်းပင် သူပွဲခင်းထဲရောက်သည်နှင့် ပြဇာတ်က စပေမည်။ သူ ဝမ်းသာသွားသည်။ ပထမတော့ သူ အိမ်ကို ဝင်၍ လုံချည်လဲရန် ကြံသေးသည်။ မိဘက မမှတ်မိဖြစ်နေမှာက တစ်ကြောင်း သူသိပ်ကြိုက်သော ပြဇာတ်မမီလိုက်မှာကို စိုးသည်က တစ်ကြောင်းတို့ကြောင့် ဒီအတိုင်းသာ ဝင်ချလာသည်။ ဇာတ်စင်နှင့် အနီးဆုံးနေရာမှ ကြည့်ရှုနိုင်ရန် ပွဲခင်းအလည် လူလျှောက်လမ်းမှ အရှေ့ဆုံးဆီသို့ လှမ်းဝင်လိုက်သည်။

"ဟင် ဘယ်လို ဘယ်လို"

"ဟဲ့ ဘယ်က မိန်းမလဲဟ ဒီလောက်အရှက်နည်းတာ"

"ဟဲ့ ဒါကြီး တို့ရွာကလားဟဲ့၊ အသေအချာကြည့်စမ်း"





"ဟဲ့သား မောင်ငို၊ မျက်စိမှိတ်ထားစမ်း၊ အလိုလေး အတင့်ရဲလိုက်တာ"

သူကတော့ ရိုးရိုးသားသား ထဘီခြုံ၍ ပွဲခင်းထဲဝင်လာတာ မှန်၏။ သို့သော် မိန်းမထဘီတို့၏ ထုံးစံအတိုင်း ယောက်ျားတစ်ယောက်အတွက် အနံလည်းတို၊ ကွင်းလည်းတိုနေသည်မို့ ထိုအတိုကို အနောက်မှဆွဲ၍ ခေါင်းပေါ်မ,ထားရသည့်အတွက် ရှေ့တစ်ခြမ်းကတော့ လုံပါရဲ့။ သို့သော် ညမှောင်မှောင် လပြောင်ပြောင်မှာ ပြောင်ပြောင်ကြီး လူပုံအလည်လျှောက်လှမ်းနေတာကြောင့် အားလုံးအံ့အားသင့်နေခြင်းပင်။

သူကတော့ ပွဲကြည့်ဖို့သာ စိတ်စောနေ၍ ဘာကိုမှသတိမထားမိ။ ရှေ့ဆုံးဆိုင်းကျင်းနားသာ ရောက်အောင်သွားလိုက်သည်၊

"အော့င်မလေး ဘာကြီးလဲဟ"

ဆိုင်းဆရာကပင် လန့်ပြီး ထအော်သည်။ သူ့စိတ်ထဲတွင် မိန်းမကြီးတစ်ယောက် ထဘီခြုံပြီး ရောက်လာခဲ့သည်ဟု ထင်နေပုံရ၏။

ဗေဒါ အသာအယာပင် ထဘီခြုံ၍ ဆိုင်းကျင်းနား ဆောင့်ကြောင့်ထိုင်လိုက်သည်။ နှစ်လုံးမြေကျထိုင်ပြီးမှ စင်ပေါ်လှမ်းကြည့်လိုက်သည်။ စင်ပေါ်ကလူအားလုံး အငြိမ်။ သူ့ကို ကြောင်ငေးကြည့်နေကြ၏။ ပွဲခင်းတစ်ခုလုံး ရုတ်တရက် ငြိမ်ကျသွား၍ မသင်္ကာစိတ်နှင့် ပွဲခင်းကို ဝေ့ကြည့်မိသည်။

"ဟင်"

ပွဲခင်းတစ်ခုလုံးက စင်ပေါ်ကိုမကြည့်။ စိတ်လည်းမဝင်စား။ ထဘီခြုံနှင့် ပြောင်ပြောင်တင်းတင်း ဝင်လာသော သူ့ကိုသာ အာရုံကျနေကြသည်။ ပိုဆိုးသည်က စင်ပေါ်ကလူများကပင် ပွဲကို ဆက်မကဘဲ သူ့ကိုသာ အထူးအဆန်းသဖွယ် မမှိတ်မသုန်စောင့်ကြည့်နေကြ



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်
သူ့ဆိုင်းကျင်းထဲ
ထဘီခြုံကြီးမြင်တော့ ဆိုင်းဆရာ
မျက်လုံးပြူးသွားသည်။
သူ့တစ်သက်တွင်လည်း
ထိုသို့အဖြစ် မြင်ဖူးပုံမပေါ်။

ခြင်းသာ။

အခြေအနေကို ရိပ်မိသော ပေဒါ ဖင်တွန်းဖင်တွန်းရွေ့၍ မည်သူမှမမြင်နိုင်အောင် ဝိုင်းဆရာ၏ ဆိုင်းကျင်းနားကပ်သည်။ အားလုံးက မမှိတ်မသုန် သူ့ကိုစိုက်ကြည့်နေကြဆဲ။

ပေဒါ၏စိတ်ထဲမှာတော့ ဝိုင်းဆရာ၏ ဆိုင်းကျင်းထဲဝင်လိုက်လျှင် မည်သူမှ သူ့ကိုမြင်ကြတော့မည်မဟုတ်။ ထိုသို့ဆိုလျှင် သူလည်း ပွဲကို လွတ်လွတ်လပ်လပ်ကြည့်၍ရပြီလေ။ ထို့ကြောင့် ဝိုင်းဆရာဆိုင်းကျင်းထဲ လှစ်ခနဲ ခေါင်းထိုးဝင်လိုက်သည်။

"ဟ ဟ ဘာကြီးဝင် ဟင်"

ရုတ်တရက် သူ့ဆိုင်းကျင်းထဲ ထဘီခြုံကြီးမြင်တော့ ဆိုင်းဆရာ မျက်လုံးပြူးသွားသည်။ သူ့တစ်သက်တွင်လည်း ထိုသို့အဖြစ် မြင်ဖူးပုံမပေါ်။ ကြည့်နေစဉ်မှာပင် ထိုထဘီခြုံကြီးထဲမှ လိပ်ခေါင်းသဖွယ်ခေါင်းကြီး တိုးထွက်လာပြီး၊

"ရှူး"ခနဲလုပ်လိုက်ရာ စုတ်ပြတ်သတ်နေသောခေါင်းကြီးကို မြင်ပြီး ဆိုင်းဆရာခေါင်းမှာ နှစ်ပေခွဲတိတိ လည်သွားသည်။ နောက်မှ ကြောက်လန့်တကြားဖြင့်

"အောင်မလေး ကယ်ကြပါဦး၊ သရဲဗျို့ သရဲ"

ဟု ထအော်ပြီး နှဲဆရာဆီ ခုန်တက်၍ ဖက်ထားလိုက်သည်။





ဝိုင်းဆရာ၏ အော်သံကြောင့် ပေဒါလည်းလန့်ပြီး ဆိုင်းကျင်းအပေါ် ခေါင်းကျော်ကြည့်လိုက်ရာ အားလုံးက သူ့ခေါင်းကိုမြင်ပြီး၊

"ဟယ် သရဲ တကယ်သရဲတော့"

"သရဲတဲ့တော်ရေ သရဲ"

"ဟ ဟ တကယ်သရဲကြီးဟ၊ ထဘီထဲမှာ ခေါင်းကြီး ခေါင်းကြီး"

ပြူထွက်ပြူဝင် လူမြင်၍မသင့်တော်သော ခေါင်းကြီးကိုမြင်လျှင် ပွဲခင်းတစ်ခုလုံး ရုန်းရင်းဆန်ခတ် ဖြစ်ကုန်ကြသည်။ သူ့ပုံကလည်း မီးမှောင်မှောင်လပြောင်ပြောင်နှင့် ဘုပေါင်းတစ်ထောင်ထိုးထိုးထောင်ထောင်က ထဘီစုတ်ကြီးခြုံထားတော့ တကယ့်သရဲအစစ်လို။

"အား ပြေး ပြေးကြပါဟ၊ ပြေးကြပါ"

"ဟဲ့ ငါ့ကလေး ငါ့ကလေး"

ပွဲခင်းတစ်ခုလုံး ပြေးသူပြေး၊ လိုက်သူလိုက်နှင့် ရှုပ်ယှက်ခတ်တုန်သည်။ အဆိုးဆုံးက နှဲဆရာမှာ ကြောက်လွန်း၍ သူ့နှဲရိုးကြီးနှင့် ပေဒါခေါင်းကို၊

"အင်းဟာ အင်းဟာ"

မြည်သံပေး၍ မျက်စိမှိတ်ကာ ခေါက်နေသည်။ မောင်းဆရာကလည်း ပြေးလာပြီး မောင်းလက်ကိုင်တုတ်နှင့် သူ့ခေါင်းပေါ်ကအဖုများကို

"သေစမ်း သရဲမ၊ သေစမ်းသရဲမ"

ဆိုကာ ဝင်တေသည်။ လင်ကွင်းဆရာကလည်း ပြေးလာပြီး သူ့လင်ကွင်းနှစ်ဖက်နှင့် ပေဒါ၏နားနှစ်ဖက်ကိုချိန်ကာ

"ကွဲပလေ ကွဲပလေ"

ဟုအော်ဟစ်ကာ တခွမ်းခွမ်းနှင့် တေသည်။ ပတ်မဆီးက



www.burmeseclassic.com

www.burmeseclassic.com



နွားခေါင်းကို ပတ်စာပြေးကပ်၏။ ဆိုင်းစုံဝိုင်းစုံ ဝင်နှံနေ၍ ဗေဒါ သည်လည်း အခြေအနေမကောင်းမှန်း သိကာ ဆိုင်းကျင်းထဲမှ ခုန် ထွက်ပြီး တောတန်းဖက်ဆီ သုတ်ခြေတင် ပြန်ရလေတော့လေသည်။ နွားထဲတွင်လည်း သူကြိုက်သောဆိုင်းသံ ပြည့်လျှံနေလေတော့သတည်း။

\+ + +





ပွဲကား ပျက်ချေပြီ။

ပွဲခင်းအလည် လူအများကြီးရှိသည့်အထဲ အတင့်ရဲစွာ ဆဘိခြံ၍ လာဝင်ခြောက်ရဲသော သရဲအကြောင်းကား လူတိုင်းနှုတ်ဖျား တွင် ရေပန်းစားချေပြီ။

ပွဲခင်းအလည်၌ပင် သရဲကဝင်ခြောက်ရဲ၍ အတော်များများ ဘာ အိမ်မပြန်ရဲ။ အိမ်ပြန်ရဲသူများကလည်း မအိပ်ရဲနှင့် တစ်နေရာ တစ်ခုတည်းနေရင်း တုန်ယင်နေရရှာသည်။

အနည်းငယ်သတ္တိကောင်း၍ အနည်းငယ် မူးယစ်နေသူများ ပေါင်းကာ ရရာလက်နက် မီးတုတ်၊ ဓာတ်မီးများဖြင့် သရဲကို ရှာဖွေ ကြသေးသည်။ သို့သော် မိုးသာစင်စင်လင်းသွားတော့၏။ သူတို့ရှာဖွေ သောသရဲခမျာ ခြေယောင်ဖျောက်ချေပြီ။

\+ + +



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ ပြာလဲ့က သူ့နားမလာတော့။ ခပ်လှမ်းလှမ်းတွင်ထိုင်ရင်း သူ့အား အာဘွား အာဘွား လုပ်နေ၏။ ဗေဒါအားမလိုအားမရဖြစ်ပြီး

"ဘာလို့ အဝေးမှာနေနေရတာလဲ ပြာလဲ့ရာ၊ အနားတိုးစမ်းပါ"

သူ့ အနားတိုးကပ်ရန်ကြံတိုင်း ပြာလဲ့က နောက်ဆုတ်ကာ ထုံးစံအတိုင်း အာဘွား အာဘွား လုပ်နေပြန်သည်။

ဗေဒါ ပို၍ မချင့်မရဲဖြစ်ကာ၊

"ကိုယ်တို့သီတင်းကျွတ်ရင် လက်ထပ်မှာပဲ ပြာလဲ့ရာ၊ အနားကို လာစမ်းပါ"

ပြာလဲ့က ခေါင်းယမ်းသည်။ ဗေဒါ ဇဝေဇဝါဖြစ်နေမိတော့၏။ နောက်တော့ အားမလိုအားမရနှင့်၊

"ဒါဖြင့်လည်း အဲဒီလိုကြီး လုပ်မနေနဲ့၊ ကိုယ့်ကို တစ်ခုခုပြောပါလား ပြာလဲ့ရာ"

ပြာလဲ့ပြုံးသွားသည်။ နောက် ပါးစပ်ကို အကျယ်ကြီးဟ၍





အော်လိုက်သည်။

"ဝမ်းဘော"

"ဟာ"

ပြာလဲ့ထံမှ နွားသံကြီးထွက်လာ၍ ဗေဒါလန့်သွားသည်။ နောက် မသင်္ကာစိတ်နှင့်၊

"ဘာ ဘာလဲ"

"ဝမ်းဘော"

ပြာလဲ့ထံမှ နွားသံ ပီပီသသကြီးကြား၍ ဗေဒါထခုန်မိသည်။

"ဟာ"

ထိုတော့မှ ဗေဒါမျက်လုံးများ ပျာကလယ်ပျာကလယ်ဖြစ်သွားရသည်။ ခုန ဝမ်းဘောအော်တာ ပြာလဲ့မဟုတ်။ တကယ့်နွားအစစ်ကြီး။ နွားကမှ သူ့ဆီက လုံချည်အလစ်သုတ်သွားသော ချိတ်ခြောင်းနှင့်နွားသိုး။ ခုနက သူ အိပ်ပျော်နေရင်း အိပ်မက်နေခြင်းသာ။

နေကိုကြည့်တော့ ထန်းတစ်ဖျားရောက်လုလု။

ကျီးကြည့်ကြောင်ကြည့်နှင့် ပြန်ကြည့်မိသည်။ မှန်၏။ ညက ပွဲခင်းထဲ ဝင်မွှေသလိုဖြစ်ပြီး တောတန်းထဲ ပြန်အိပ်နေခဲ့ရသည်ပဲ။

"ဝမ်းဘော"

နွားအော်သံ။ ရန်သူတော်နွားကြီးကို ပြန်ကြည့်မိသည်။

"ဟာ"

ထိုပေါက်လျှင်တောင် သူ ဒီလောက်ပျော်မည်မဟုတ်။ သူ လွန်စွာပျော်ရွှင်သွားမိသည်။

နွားကြီး၏ပါးစပ်ထဲ သူ့လုံချည်က ရှိနေသေးသည်ပဲ။ နွားကြီးက လုံချည်ကို စားမြုံ့ပြန်နေတုန်း။ သူ လုံချည်ပြန်ယူနိုင်လျှင် ရွာပြန်ဝင်လို့ရပြီ။ ထို့ကြောင့် ဘယ်သူ့ကိုမှ မပြုံးပြဘူးသော အပြုံးမျိုးနှင့် မျက်နှာချိုသွေးကာ နွားနားကပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ကျွတ် ကျွတ် ကောင်ကြီး၊ သိပ်ချောသိပ်လှသိပ်ခန့် နေပါလားကွယ်၊ ကျွတ် ကျွတ်"

"ဝမ်းဘော"

နွားကြီးက သူ့စကား နားလည်လား နားမလည်လားမသိ။ မြည်သံပေးရင်း နောက်ဆုတ်သည်။ သူက အသာအနားတိုးရင်း၊

"ကျွတ် ကျွတ် မင်းနဲ့ငါ သူငယ်ချင်းတွေလေကွာ၊ လာစမ်း ပါ၊ ကျွတ် ကျွတ်"

"ဝမ်းဘော"

နွားကြီးက သူ၏အကြံရိပ်မိဟန်နှင့် ခေါင်းယမ်းနောက်ဆုတ် သည်။ ဗေဒါမှလည်း ပြာလဲ့ကိုပင် မပြုံးပြခဲ့ဘူးသော ပြာလဲ့လဲ့အပြုံး မျိုး အပီအပြင်ပြုံးပြီး အနားကပ်သည်။

"လာစမ်းပါ သားကြီးရ၊ ကျွတ်ကျွတ်"

ဟုတ်သည်ရှိ မဟုတ်သည်ရှိ နွားကို သားတော်နေရသည်။

"ဝမ်းဘော"

နွားကြီးက နောက်ဆုတ်သည်။ နောက်မှ ဗေဒါသတိရပြီး သူချိုထားသော ဒေါ်နှံကြီးထဘီကို ချွတ်လိုက်သည်။ နွားကို ပုဆိုးနှင့် ထဘီ အလဲအထပ်ရိုက်မည့်သဘော။

"ဒါ ဒါလေးယူပါလား သားကြီးရယ်၊ ဦးရဲ့အဲဒါလေး ပြန် ပေးပါလား ဟင်"

နွားကြီးက သူပေးသောထဘီကိုကြည့်သည်။ နောက် ဝမ်း ဘောဟု အော်ကာ နောက်ဆုတ်သည်။ သဘောက မလဲနိုင်ဘူးဆို သည့်သဘော။ မတန်မရာနဲ့ လာမကမ်းလှမ်းနဲ့ဆိုတဲ့သဘော။ ဗေဒါ ဘာလုပ်ရမှန်းမသိ။ နောက်မှ သတိရပြီး ဘေးနားက မြက်ခြောက် များ ကောက်ရိုးများဆွဲကာ ထဘီပေါ်တင်ပေးလိုက်သည်။

"ဒီ ဒီလောက်ဆို ရပြီလားဟင် ရပြီလား"





နွားကြီးက ကောက်ရိုးမျှင်နှင့်ထဘီကိုကြည့်သည်။ မသက်ာ ဟန်နှင့် ဗေဒါကို ကြည့်သည်။ ထဘီကိုကြည့်သည်။ နောက် ဆတ်ခနဲ ထဘီကိုလှမ်းဆွဲသည်။ ဗေဒါကလည်း မြန်၏။ နွားကြီးထဘီဟပ်ဖို့ ပါးစပ်ဟသည်နှင့် နွားပါးစပ်ထဲက သူ့လုံချည်ကို ဖျတ်ခနဲဆွဲယူ လိုက်သည်။

"ရပြီကွ၊ ရပြီ၊ ငါ့လုံချည်ငါပြန်ရပြီ၊ မင်းမလိုတော့ဘူးကွ ဟားဟား"

ဟူ၍ အားရဝမ်းသာအော်ပြီးသကာလ

"ငါ့ကို ဒုက္ခပေးတဲ့နွား အင်းဟာ"

ဟုဆိုရင်း နွားဖင်ကို ဖုန်းခနဲ ကန်လွှတ်လိုက်လေသည်။ နွားကြီးမှာလည်း ထဘီကြီးကိုက်၍ ကြောက်လန့်တကြား ပြေးထွက် ရရှာတော့သည်။

"ရပြီဟေ့ ရပြီဟေ့ ပျော်တယ်ဟေ့ လေ့လေ"

ဗေဒါ ပျော်ရွှင်ပြီး က,ပင် က,မိသွားသည်။

နောက်မှ သတိရပြီး၊

"အင်း လုံချည်ပြန်ရတာတော့ ဟုတ်ပါရဲ့"

ဗေဒါ လုံချည်ကိုခြောက်သည့်ဖက်ကသာ လုံးထွေးကိုင်ထား သည်။ နွားကြီး တစ်ရက်နှင့်တစ်ည စားမြုံ့ပြန်ထားသည်မို့ ပေပွ နေ၏။ ထို့ကြောင့် ဒီအတိုင်းလည်း မဝတ်ရဲ။

"မဖြစ်သေးဘူး၊ စမ်းချောင်းမှာ ရေသွားဆေးမှပဲ"

ဆိုကာ ဗေဒါခမျာ အံကိုခဲရင်း ချောင်းအသွယ်မြောင်းငယ် ထဲသို့ ဆင်းရပြန်လေသည်။

\+ + +



www.burmeseclassic.com

www.burmeseclassic.com



စမ်းချောင်းအပေါ်ဘက်က ရှင်းလင်းနေသည်။ ရွာကိုဖြတ်သန်းစီးဆင်းနေသော စမ်းချောင်းဖြစ်သော်ငြား စမ်းချောင်းအပေါ်ဘက်ပိုင်း လူတွေတက်လေ့မရှိ။

လူမရှိမှန်းသိသည်။ သို့သော် ဗေဒါ ကုပ်ချောင်းချောင်းနှင့် စမ်းချောင်းနားပြေးကပ်ပြီး ဘေးဘီဝေ့ကြည့်သေး၏။ ဘယ်သူမှ မရှိတာသေချာမှ နွားစားမြှုပြန်ထားသော သူ့လုံချည်ကို ရေထဲနှစ်ဆေးလိုက်သည်။

"ဟား ကြည့်စမ်း၊ အညစ်အကြေးတွေ"

လုံချည်မှထွက်လာသော အညစ်အကြေးများကို ကြည့်ပြီး ရှုံ့မိသေးသည်။ အိမ်မှာက သူသာ လက်ကျောမတင်းတာ မိခင်ဖြစ်





သူက သူ့အဝတ်အစားကအစ ပြောင်စင်အောင်လျှော်ပေးတတ်သည်ကိုး။ ထို့ကြောင့် လုံချည်ကို ရေသဲ အားရအောင်နယ်ဖတ်လိုက်သေး၏။

အားလုံး ပြောင်စင်ပြီထင်မှ ရေညှစ်ချပြီး ဖြန့်ကြည့်လိုက်တော့၊

"ဟာ သွားပြီ"

လုံချည်က လုံးထွေးနေ၍သာ မသိသာတာ။ ဖြန့်ကြည့်လိုက်တော့ နွားဝါးထားသောကြောင့် အလယ်တစ်ပိုင်းမှာ အကွက်အပေါက်ကြီးဖြစ်ပြီး ဟိုဘက်ဒီဘက် မြင်နေရသည်။ လုံချည်က အနားသာရှိတော့ပြီး အလယ်ပိုင်းမရှိတော့။ သူ မြင်ကွင်းတွေ အနည်းငယ်ဝေ့ကြည့်မိသေးသည်။ အားလုံးရှင်းနေ၏။

"အမယ် ကြည့်လို့ကောင်းသားပဲ"

လုံချည်က ဘောင်လိုဖြစ်နေ၍ မြင်ကွင်းတွေ ပိုပြတ်သားနေတာကို သူ သဘောကျသွားသေး၏။ နောက်မှ သူ သတိရသွားသည်။

ဟိုထဘီတုန်းကတောင် သူ တက်ကလုပ် လုပ်လို့ရသေးသည်။ ယခုလုံချည်ကတော့ တက်ကလုပ်ပင်လုပ်၍မရတော့။

"တောက် နွားမသား၊ ငါ့ကို ကလိမ်ကကျစ်ကျသွားတာ တွေ့ကြသေးတာပေါ့"

ဆိုကာ ဒေါသထွက်သွား၏။ ထို့ကြောင့် ရှိစုမဲ့စု လုံချည်လေးကို ကျစ်ပြီး ခြေနှစ်ချောင်းကြားလျှို၊ အရှေ့တစ်စကိုင်၊ အနောက်တစ်စကိုင်ပြီး

"ဟေ့ကောင် နွားကြီး၊ မင်းကိုဆုံးမဖို့ ငါလာပြီ၊ ဟောဒီလုံချည် ငါဝတ်လာတာ ဆယ်နှစ်၊ ဆယ်နှစ်ရှိပြီကွ၊ မင်း ဟောဒီလုံချည်အကြွေးဆပ်ဖို့ပြင်၊ ငါလာပြီ၊ ဟဲ့ မြင်း တက်ကလုပ် တက်ကလုပ်"



www.burmeseclassic.com

www.burmeseclassic.com



❛ ဝမ်းတွင်းရှူးတို့၏
ထုံးစံအတိုင်း တစ်ခုကို
စိတ်ထွက်လျှင် ကျန်တာအကုန်လုံး
မေ့သွားတတ်သူပီပီ
အိမ်ပြန်ဖို့လည်း မေ့၊ ချစ်သူ
ကိုလည်း မေ့

ဆိုကာ နွားကြီးကို ပတ်ရှာလေတော့၏။

ဝမ်းတွင်းရှူးတို့၏ ထုံးစံအတိုင်း တစ်ခုကိုစိတ်ထွက်လျှင် ကျန်တာအကုန်လုံး မေ့သွားတတ်သူပီပီ၊ အိမ်ပြန်ဖို့လည်း မေ့၊ ချစ်သူကိုလည်းမေ့၊ နွားတွေ့ဖို့သာ စိတ်စောနေမိသည်။

တက်ကလုပ် တက်ကလုပ်နှင့် ခုနဆုံခဲ့သောနေရာရှာသော်လည်း မတွေ့။ တောနင်းရှာသော်လည်း မရှိနှင့်။ တွေ့မယ့်တွေ့တော့လည်း ရှာထိပ် ဘောလုံးကွင်းကြီး၌ အလည်ခေါင်စည်းကိုခွအိပ်ပြီး ထဘီ မြိန့်မြိန့်ကြီးစားမြုံ့ပြန်နေသော နွားသိုးကြီးကို တွေ့ရ၏။

“ဩော် မင်းက ဒီမှာပေါ့လေ၊ ဟုတ်လား၊ အေး ငါလာပြီကွ၊ ဟဲ့ တက်ကလုပ် တက်ကလုပ်”

ဆိုကာ ဒေါသတကြီးဖြင့် ဘောလုံးကွင်းအလယ် ပြေးရှာသည်။ နွားကြီးကလည်း လည်သည်။ ပေဒါပြေးလာတာမြင်သည်နှင့် သူ့ပါးစပ်ထဲကဟာကို လုမည်မှန်းသိ၍လားမသိ။

“ဝမ်းဘော”

ဟုအော်ကာ ဘောလုံးကွင်းကို ပတ်၍ ကစုန်ဆိုင်းပြေးသည်။

“ဟော့ကောင်မပြေးနဲ့၊ ငါ့လက်က မင်း မလွတ်စေရဘူး”



ပေဒါကလည်း သူ့ရဲ့ခိုးရာပါပစ္စည်း ပြန်ရရေးအတွက် တက ကလုပ် တက်ကလုပ်နှင့် ကစုန်ဆိုင်းလိုက်သည်။

ခြေလေးချောင်းနှင့် ခြေနှစ်ချောင်းကွာသည်ကတစ်ကြောင်း၊ လုံချည် တက်ကလုပ်နှစ်စကို ရှေ့နောက်မလွတ်တမ်း ကိုင်ထားရသည်က တစ်ကြောင်းတို့ကြောင့် ပေဒါခမျာ စိတ်သွားတိုင်းကိုယ်မပါနိုင်ရှာ။ သို့သော် နွားနှင့်ယှဉ်ပြေးသည်ကိုပင် နောက်မကျစေရေးအတွက် ဝတ္တရားကို ဦးထိပ်ထား၍ ဖုန်တထောင်းထောင်းထ ကျောင်းကျောင်းကျအောင် တက်ကလုပ် ရိုက်နေရရှာတော့သည်။

“မိရင်တော့လားကွာ”

ပေဒါအော်သံ ညံနေ၏။

\+ + +



www.burmeseclassic.com

www.burmeseclassic.com



ယနေ့ကျမှ စမ်းချောင်းထိပ်ရွာရိုး ငါးထောင်ဖားထောင်ရင်း ဆိတ်ကျောင်းထွက်လာသော ဦးပဒ္ဒူခမျာ ရှာသမျှ ထင်တိုင်း မပေါက်၍ အာခေါင်ခြောက်ပြီး ရွာထဲစောပြန်ရရှာလေသည်။

ဆိတ်တစ်အုပ်ကို ထိန်းကျောင်းရင်း နေပူပူခြေပူပူနှင့်ရွာထိပ်ဘောလုံးကွင်းကိုဖြတ်ဖို့ စိတ်ကုန်နေရရှာသည်။

"နေကမွန်းတည့်နေ၊ ကွင်းလယ်က ခေါင်သနဲ့ ပူလိုက်မယ့်အမျိုး"

ဟု တီးတိုးရေရွတ်ရင်း မဖြတ်မဖြစ် ဖြတ်ကိုဖြတ်ရပေတော့မည်။ တခြားဖက်က ကွေ့ဝိုက်သွားလျှင်တော့ရသည်။ သို့သော် ခရီးလမ်းက ရှည်နေပေလိမ့်မည်။ ထို့ကြောင့် နေပူသော်ငြား အသွားအလာလမ်းတိုသော ဘောလုံးကွင်းလမ်းသာ ရွေးလိုက်ရသည်။ ဘောလုံးကွင်းကို မဖြတ်သေးဘဲ မျှော်ကြည့်လိုက်တော့

"ဟာ"

ကွင်းထဲကမြင်ကွင်းကို မြင်လိုက်တော့ ဦးပဒ္ဒူ အံ့အားသင့်သွားသည်။

နေမွန်းတည့်ကြီးတွင် နွားနှင့်အပြိုင် အပြေးလိုက်နေသောလူတစ်ယောက်။ ဖုန်တထောင်းထောင်းနှင့်မို့ မသဲမကွဲ။

"ဟ ဟ ဘာကြီးလဲဟ၊ ဘတ်လတ် ဘတ်လတ်ကြီး"

ဝေဒါ၏ ပေါင်ကြား တက်ကလုပ် လုပ်ထားသည်ကို ဦးပဒ္ဒူ အမြင်ဝေဝါးပြီး အထင်တွေမှားနေသည်။ ထိုစဉ်မှာပင် ကြားလိုက်ရသောအသံက

"ဟားဟား ဟေ့နွား မင်းကို ငါ ဒီနေ့ကုပ်ချိုးစားမယ်ဟေ့"

"အလိုလေး"

ထိုစကားကြားတော့ ဦးပဒ္ဒူတုန်တက်သွားသည်။

"ညက ပွဲခင်းထဲဝင်ခဲ့တဲ့ သရဲများလား"

ဦးပဒ္ဒူ ကြက်သီးများပင် ထသွား၏။ ဤအဖြစ်အပျက်မှာ သာမန်အဖြစ်အပျက်တော့ မဟုတ်။ တစ်ခုခုတော့ ထူးခြားနေပြီ။ သရဲမဟုတ်လျှင်တောင် အရူးပဲဖြစ်လိမ့်မည်။ ဦးပဒ္ဒူစဉ်းစားမိပြီး ကြောက်လန့်ကာ

"မဖြစ်ဘူး လစ်မှ"

ဆိုကာ ပါလာသောဆိတ်များကိုပင် မကြည့်အား၊ အခြားလမ်းမှ သုတ်ခြေတင်ရရှာလေတော့သတည်း။

\+ + +







www.burmeseclassic.com

www.burmeseclassic.com



"ကယ်ကြပါဦးဗျို့၊ ကယ်ကြပါဦး၊ ကယ်ကြ ကူကြပါဗျို့"

ရွာလည်ထဲသို့ အထက်ပါအော်သံကြီးကြားတော့ တစ်ရွာလုံး ထွက်ကြည့်ကြသည်။ ညက ပွဲကိုက်၊ သရဲကိုက်၍ အိပ်ရေးပျက် ဖိမ်နှင့် နှပ်နေသူများပင် ခေါင်းထောင်လာ၏။

"လုပ်ကြပါဦးဗျို့ ကယ်ကြပါဦး"

အနည်းဆုံး တစ်အိမ်တစ်ခေါင်းနှုန်း အောက်ထစ် ပြုံတစ် လာကြသည်။

"ဟာ ဦးပဒ္ဒူပဲ ဘာဖြစ်လာတာလဲ"

"ဟော့ ဟော့ ပဒ္ဒူအော်သံပဲ၊ ဘာတဲ့လဲ"

"ကယ် ကယ်ကြ ကယ်ကြပါဗျို့"





မျက်ဖြူဆိုက်လုမတတ်ဖြစ်နေသော ဦးပဒ္ဒူကို ရွာသားများ ဆီးဖမ်းလိုက်ကြရသည်။

"ဟာ ဦးပဒ္ဒူ၊ ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ"

"ဦးပဒ္ဒူ စိတ်အေးအေးထား၊ ဖြစ်ကြောင်းကုန်စင်ကို ဤ သည်မရွေး ပြန်ပြောပြ"

ရွာသားများ၏အမေးကို ဦးပဒ္ဒူခမျာ ဖုတ်လှိုက်ဖုတ်လှိုက် ဖြစ်နေသောရင်ကို ဖိပြီး၊

"ရွာ ရွာထိပ်ဘောလုံးကွင်းမှာ"

"ဩော် ဘောလုံးကန်ပြီး မောလာတာမှတ်တယ်"

"ဒါများ ဂိုးပြောင်းဖမ်းပေါ့"

"ဒိုင်လူကြီးနဲ့ ရန်ဖြစ်လာတာလားမှ မသိတာ"

စကားကမဆုံး ထင်ကြေးတွေက အရင်တက်လာသည်။ ဦး ပဒ္ဒူ မျက်ရည်စက်လက်နှင့် ခေါင်းခါပြီး၊

"မဟုတ်ဘူး"

"ဒါဖြင့် ဘာလဲ"

"သရဲ"

"ဟင်"

သူ့စကားကြားတော့ အားလုံးမျက်လုံးပြူးသွားသည်။

"ဟာ သရဲ သရဲတဲ့"

"ဒါဆို ညက ပွဲခင်းထဲခြောက်တဲ့ သရဲပဲဖြစ်မယ်"

"သရဲ ရွာထဲဝင်ပြီဟေ့ ပြေးကြ ပြေးကြ"

ဆိုကာ ကြောက်လန့်သူများပြေး၊ မယုံရဲသူများ ရှေ့တိုးနှင့် ရှုန်းရင်းဆန်ခတ်ဖြစ်ကုန်၏။ ဒါကို အတင့်ရဲသည့် ဗေဒါအဖေဦးနီဘို က ရှေ့ထွက်ပြီး၊

"မင်းဟာက ဟုတ်ရဲ့လားကွာ"



www.burmeseclassic.com

www.burmeseclassic.com



“အေးလေ၊ သူကြီးတောင်
ဂျပန်ပြည်မမြင်ဖူးဘဲ
ရှိတယ်ဆိုတာ ယုံသေးတာပဲ၊
ကျွန်တော်တို့လည်း
သရဲမမြင်ဘူးပေမယ့်
ရှိတယ်ဆိုတာ ယုံတာပေါ့”

ဦးပဒုမ္မာ တံတွေးကိုပင် မျှင်းမျိုချရရှာသည်။

“ဟုတ် ဟုတ်ပါတယ်ဗျာ၊ ခါးမှာလည်း အမြီးနှစ်စနဲ့ ဟဲ့နွား နင့်ကို ငါ ကုပ်ချိုးစားမယ်လို့ပြောတာ ကျွန်တော်ကိုယ်တိုင် ကြားခဲ့တာပါဗျာ”

သူ့စကားကြားမှ ရွာသားများက

“ဟာ ခါးမှာအမြီးနှစ်စနဲ့ နွားကိုတောင် ကုပ်ချိုးစားမယ်ဆိုပါလား”

“ဟော့ ဒီအတိုင်းဆို လူဆိုမလွယ်လောက်ဘူးနော်”

“အိမ်တံခါးပိတ် အိမ်တံခါးပိတ်”

ရွာသားများ တစ်ယောက်တစ်ပေါက်နှင့် ရှုစိတက်ကုန်သည်။

“တော်ကြစမ်း”

ရွာလူကြီးဦးအုန်းသီးအသံကြောင့် မီးကိုရေနှင့် ငြိမ်းလိုက်သလို ရှဲခနဲ ငြိမ်ကျသွား၏။

“ကိုယ်တိုင်မမြင်ရဘဲနဲ့ ဘာလို့ယုံနေကြတာလဲ၊ ဘယ်ကသရဲလဲ၊ ကိုယ့်မျက်စိနဲ့မြင်လို့လား”

သူ့စကားကို ရွာသားမောင်ကွဲက

“ဒါဆို သူကြီး ဂျပန်ပြည်မြင်ဘူးလား”

သူကြီး မျက်မှောင်ကြုတ်ရင်း





“မမြင်ဖူးဘူး”

“ဂျပန်ပြည်ရှိတယ်ဆိုတာ ယုံလား”

“ယုံတယ်”

“အေးလေ၊ သူကြီးတောင် ဂျပန်ပြည်မမြင်ဖူးဘဲ ရှိတယ်ဆိုတာ ယုံသေးတာပဲ၊ ကျွန်တော်တို့လည်း သရဲမမြင်ဘူးပေမယ့် ရှိတယ်ဆိုတာ ယုံတာပေါ့”

“နင့်မေကလိန်းတဲ့မှပဲ၊ ကလိုင်းမိတ်ရောက်ပြီး စကားကို တည်တည်ခန့်ခန့်ပြောတော့မှ ဝင်ဖောက်ပြီ၊ ငါ ထကန်လိုက်ရ မကောင်းရှိရောမယ်”

သူကြီးစကားကြောင့် အားလုံး ဝပ်ကျသွားပြန်သည်။

“သရဲဆိုရင်လည်း ဒီသရဲက မနေ့ညက ငါတို့ရွာပွဲကို ဖျက်ပြီးပြီ၊ အရှုးဆိုရင်လည်း ဒီအရူးက လွန်လွန်းနေပြီ”

သူကြီးစကားကို အားလုံး အာရုံစိုက်နားထောင်နေကြသည်။

“ဒီတော့ ရွာကို ကောင်းကျိုးမပေးတဲ့ ဒီအကောင်ကိုဖမ်းဆီးဖို့ ငါတို့မှာ တာဝန်ရှိလာပြီ”

သူကြီးစကားကြောင့် အားလုံး အားတက်သွားသည်။

“ဒီတော့ ရပ်ရွာသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက်”

“သူကြီး အဲဒါ ဗီဒီယိုထဲက စကားကြီး”

“အေး ငါ့ဟာ့သုံးတာကွာ၊ အဲဒီတော့ ဒီသရဲကို ငါတို့မိအောင် ဖမ်းရမယ်”

“ဟုတ်တယ် ငါတို့မိအောင် ဖမ်းရမယ်”

“သရဲဆိုတာလေ ပြတိုက်ထဲမှာတောင် သွားကြည့်ရမယ်”

အားလုံး အားတက်သွားကြသည်။

“ဒီတော့ တို့ရွာသားတွေအားလုံး ညီညီညာညာနဲ့ သရဲဖမ်းကြမယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဝေး"

အားလုံး အိမ်ပြန်ကာ ရရာဓားလှံလက်နက်ကိုင်စွဲပြီး သူကြီး အုန်းသီး ဦးဆောင်ရာနောက် လိုက်ပါကြကုန်၏။

\+ + +





"ဘောလုံးကွင်းကို ဝိုင်းကြဟေ့"

"ဝေး"

အသံများကြားတော့ ဝေဒါလန့်သွားသည်။ ဖြစ်ချင်တော့ သူလည်း နွားသိုးနောက်ကို ပြေးလိုက်ပြီး မောလွန်းလို့ ရေရှာတာ ရေလည်းမတွေ့၊ အနီးအနားကြည့်တော့ ဦးပဒူကျန်ခဲ့သော ဆိတ်အုပ် သာတွေ့၍ ရေငတ်ပြေလိုပြေငြား ဆိတ်မတစ်ကောင်၏နို့ကို ကုန်းစို့ နေချိန်

"ဘယ်မှာလဲကွ၊ သရဲ ဘယ်မှာရှိလို့လဲ"

"ဟော့ ဟော့ ဟိုမှာဟော့၊ ဦးပဒူဆိတ်မအောက်မှာ ဘာလုပ်နေ လဲမသိဘူး"

"ဟာ နွားမမိလို့ ဆိတ်ဝင်စားနေလားမသိဘူး၊ ပါးစပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြူဖြူအရည်တွေနဲ့”

နေရာကလည်း အနည်းငယ်လှမ်းနေ၊ ဖုန်တွေကလည်းထ၊ ပေဒါရုပ်ကြီးကလည်း စုတ်ပြတ်သတ်နေသမို့ ရုတ်တရက်မမှတ်မိကြ။ ဒီကြားထဲ ပါးစပ်တစ်ဝိုက် ဆိတ်နို့က ပေနေသေး။

“ဟေ့ ဒီကောင်မပြေးနိုင်အောင် ဘောလုံးကွင်းကို ဝိုင်းထားကြစမ်း”

ရှာသားအားလုံး ဘောလုံးကွင်းကို ဝိုင်းထားလိုက်ကြသည်။

ပေဒါမှာလည်း ငုတ်တုတ်ထိုင်နေရာမှ မထရဲ။ ထလိုက်လျှင်လည်း လုံချည်အကွဲနှင့် လာသမျှလူကို သရော်မော်ကားပြုရာ ကျနေမှာကိုး။ ထို့ကြောင့် ဆိတ်အုပ်ကြားသာ လေးဘက်တွား၍ ကားရားကြီး နေရရှာသည်။ ဒီကြားထဲ ဆိတ်သိုးတစ်ကောင်က သူ့ဆိတ်မ,နို့စို့ရလေမလားဟူ၍ သူ့ချိုတစ်ထွာတစ်မိုက်နှင့် ခုန်ခုန်၍ ခွေ့နေသေး။ ဆိတ်ခွေ့နေသည်ကိုပင် စိတ်မဝင်စားအားတော့။

“ဝေ့ ဝေ့ ဝေ့ ဝေ့”

“ဒီသရဲမလွတ်စေနဲ့ဟေ့၊ ဝေ့ ဝေ့”

တုတ် ဓား လက်နက်အပြည့်အစုံနှင့် အပီနှက်ရန် ချီတက်လာကြသော ရွာသားများကိုမြင်တော့ ပေဒါလန့်သွားသည်။

“မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကျွန်တော် သရဲမဟုတ်ဘူး၊ ပေဒါ ပေဒါ ဦးနီဘိုသားပေဒါပါဗျ”

ဟုအော်ဟစ်လက်ကာပြသော်လည်း ရွာသားများအမြင်မှာတော့

“အောင်မာ သရဲက ခုန်အုပ်ဖို့ ဖောင်ဆွဲနေပြီဟ”

“ဟေ့ သတိထား၊ သရဲဖောင်ပြင်နေပြီတဲ့”

“ဖောင်ပြင်တဲ့သရဲ တွေ့ကြသေးတာပေါ့၊ ဟေ့ ညီစေနော်”

“ညီစေ ညီစေ”





လူအုပ်ကြီးက တဖြည်းဖြည်းဝိုင်းလာပြီ။ ပေဒါလည်း ဘာလုပ်ရမှန်းမသိ။

နံဘေးမှာ နွားသိုးကြီးက ထဘီကိုက်ပြီး ခပ်မိုက်မိုက်ကြည့်နေသည်။ မှတ်ပလားဆိုသည့်ရုပ်နှင့်။

ဒါကို စိတ်ဆတ်၍ လက်မြန်သော မွေးသဖခင်ကျေးဇူးရှင်မှာ သည်းမခံနိုင်တော့ဘဲ ရှေ့ထွက်လာပြီး

“ဟေ့ကောင်တွေ၊ မင်းတို့လက်နှေးလှချည်လား၊ ကဲဟာ”

ဟုဆို၍ ဦးစွာပထမ ဘတ်ခွနှင့်ဆွဲရာ၊

“ကတောင်”

“အောင်မလေး အမေရေ့ ကယ်ပါဦး”

ဟု အမိတ၍ ပေဒါထအပြေး

“ဪအောင်မာ သရဲက သူ့အမေကိုတောင် အကူအညီ လှမ်းတောင်းသေး ကဲဟာ”

ထိုမှစ၍ သူတစ်လူငါတစ်မင်း ဂေါ်ပြားနှင့်တစ်သွယ်၊ ဘတ်ခွနှင့်တစ်ဖုံ၊ အုတ်ခဲကျိုးကအစုံလိုက်၊ ပိုက်ဂိုက်က နှာခေါင်းကလော်ဖို့၊ အဒေါ်တို့ကြိုက်တဲ့ ကျည်ပွေ့က နားထင်၊ ကျောပြင်မှာ လောက်စာလုံး၊ ပခုံးရင်းက ထွန်တုံး၊ စသည်ဖြင့် လူလုံးမလှ၊ အပလုံးကြွအောင် သူ့ဖက်ရောက်တော့ သူနှံ့၊ ကိုယ့်ဖက်ရောက်တော့ ကိုယ်ပေါနှင့် ရွှေနပေပေဒါခမျာ အပြေးမရပ် မတွေးတတ်အောင် အမြန်နှင်းတင်၍ လူနှစ်ရာကျော်အလိုက်ကို အငိုက်မမိအောင် ထိမ်းရှောင်တာ အပေါက်အလင်းတစ်ခုဖွင့်လှည့်နှင့် တက်ကာလုပ်တို့ ရက်ကုန်မှ ရွက်ကုန်လွှင့်ရင်း၊

“သေပါပြီအမေရဲ့”

ဟုဖြည်တမ်း၍ ရွာတန်းဖက်ပြေးရပြန်ရှာသည်။ ဒါကို တွေအမြင်မှာတော့၊

www.burmeseclassic.com



"ဟ ဟ ကြည့်စမ်း၊ ကြည့်စမ်း၊ ဒီလောက်နှံ့တာတောင် ခုန်ဆွခုန်ဆွနဲ့ ပြောင်ပြသွားသေး၊ မိအောင်လိုက်ကြစမ်း"

"ရွာထဲဝင်သွားပြီ၊ မလွတ်စေနဲ့ဟေ့"

ဟု ညာသံပေး အပြေးလိုက်ပြန်၍ ဖေဒါခမျာ ခြေမချရဲ၊ ငွေနပဲကြီးစွာဖြင့် ရွာထဲဝင်၊ ကိုယ့်အိမ်ရောက်အောင် ခြေကုန်သုတ်၍ အိမ်ပေါ်သို့တက်၊ ပုဆိုးတဘက်ပင် ဆွဲဆက်မယူအားဘဲ လုံလိုလုံငြား နောက်ဖေးသို့ ဒိုင်ဗင်ထိုး၊ ငါးပိအိုးထဲ ဝင်ထိုင်နေလိုက်ရတော့သည်။

"အား လားလား သွား သွားပါပြီ"

ဖြစ်ချင်တော့ ငါးပိအိုးက မိုးရာသီကမှ ပေါပေါများများရလို့ စိမ်ထားသော ရေချိုငါးစင်ရိုင်းအိုးမို့၊ အရိုးတွေ တစ်မျိုးပြီးတစ်မျိုး တော်ရာရော မတော်ရာရောထိုးမိပြီး ပိုးထိတာကမှ သက်သာဦးမယ် ဆိုသော မျက်နှာပေးမျိုးနှင့် ခပ်ရိုးရိုးမသာလိုသာ သေပြနေရရှာတော့သတည်း။

\+ \+ \+





ကြာခဲ့ပါပြီကွယ်၊ ဒါတွေမပြောတော့ပါဘူး။

တစ်ရွာလုံးမှာလည်း အရှူးလား၊ သရဲလား၊ သူခိုးလား မသိသူတစ်ဦးက ကျေးရွာဘုရားပွဲ၌ တဝဝင်မွှေခဲ့သည်ဆိုသော သတင်းက ပါးစပ်ရာဇဝင်လိုလို တကယ်လိုလို ဆိုနေကြဆဲ။

ပြုလုပ်ခဲ့သူ ကာယကံရှင်သော်မှ ဟုတ်လိုဟုတ်ငြား ကြောင်ငေးနားထောင်ကြရသည်။

"အဲဒီတုန်းကလေ ပွဲခင်းအလယ်မှာ ထဘီခြုံထဲက ခေါင်းပြတ်ကြီး ထွက်လာတာ၊ ခေါင်းကြီးကလည်း ရဲယိုသီးလိုကြီး မျက်လုံးကအရှေ့နှစ်လုံး အနောက်နှစ်လုံးပါတာ၊ ဆိုင်းဆရာ လင်းကွင်းနဲ့ ဝင်ဆွဲတာတောင် ပြုံးပြသွားသေးသတဲ့"

စသော ရွာသားများစကားကို ကိုယ်တိုင်ခံခဲ့ရသူဖြစ်သော်



www.burmeseclassic.com

www.burmeseclassic.com



ပြား ဝန်မခံရဲ။ သူတို့ပြောသမျှကို အဟုတ်သဖွယ် နားဆင်ပေး၊ ကြက်သီးများပင် ဖြန်းရသေး၏။

"နေ့ခင်းပိုင်း လယ်ကွင်းထဲမှာ နွားကို ကုပ်သွေးစုပ်ဖို့လုပ်တာ၊ ဒါပေမယ့် နွားမရတော့ ဆိတ်ဖက်လှည့်သွားတာ၊ အမြီးကြီးက ရှေ့တစ်ချောင်း နောက်တစ်ချောင်းနဲ့"

ညညဖက်ဆိုလျှင် ထိုအကြောင်းများပြောမိလျှင် မည်သူကမှ အိမ်ထဲကအိမ်ပြင် မထွက်ရဲ။ ဤမျှကြောက်စရာကောင်းပေ၏။

"သရဲကလည်း မြန်ပုံပြောမနေနဲ့၊ ခုတင် လူအားလုံးရှေ့ရှိနေတာ၊ လှစ်ခနဲဆို ရွာထဲဝင်ပြီးပျောက်သွားရော၊ ဒီသရဲ ရွာထဲမှာပဲရှိဦးမှာ"

လူတိုင်း သရဲ ဘယ်အချိန်ပြန်ပေါ်လာမည်ကို တထိတ်ထိတ်ဖြစ်နေကြတုန်း။

ဗေဒါခမျာလည်း မိဘ ရပ်ရွာ ပေါင်းအဆွဲခံရပြီး အဆိုးတကာ့အဆိုးဆိုးက နောက်ဆုံးပိတ် အိတ်နှင့်လွယ်၊ လုံလိုလုံငြား ငါးပိအိုးထဲဝင်ထိုင်မိပါမှ အဆိပ်ပြင်းသော ရေချိုငါးစင်ရိုင်းဆူးများ မတော်ရာတော်ရာအနှံ့ထိုးမိပြီး ယောင်ကမ်းကွတ အမြင်မလှသဖြင့် ရသမျှဆူးကို ကိုယ်တိုင်ကြိတ်နှုတ်ပြီး ဆူးအဆိပ်များကို ရေမန်းတစ်သွယ်၊ ဆီမန်းတစ်ဖုံ အစုံစုံနှင့် ကုသသော်ငြား ထိထားသောဒဏ်ရာဒဏ်ချက်က ဇယ်စက်သလို ဖြစ်နေပါသဖြင့် လုံချည်ကို ပေါင်နှစ်ချောင်းပင်မထိရလေအောင် ကွကာ လူအများထဲတိုးဝင်လျှင်ပင် တစ်မျိုးတစ်မည်အထင်ခံရမည်စိုး၍ အိမ်အပြင်မပြောနှင့်၊ အိမ်ထဲမှပင် မထွက်ရဲ။ ခြင်ထောင်ထဲတွင်သာ ဝင်ကွနေရရှာလေသည်။

နေ့နေ့ညည ကီထိုင်သလို ကွနေရပါသောကြောင့် ပေါင်ကြောတွေတောင့်၊ လူလည်းပိန်ချုံးကာ လူလုံးမလှ ဖြစ်ရရှာသည်။ ဒီကြားထဲ မှတ် ခြင် ယင်တို့၏ ထုံးစံအတိုင်း အညီရှိရာ အုံဖွဲ့လာ





တတ်၍ သူတို့၏ရန်ကအေးအောင် ခြင်ထောင်ထဲ ပန်ကာထည့်ပေါင်ကြားအပီခွ၍ ကွနေရသည့်နေ့လည်း ရှိ၏။

ညအိပ်မည်ကြံတော့လည်း တင်ပါးကစူး၊ ကျောကအောင့်ခေါင်းကနောက်နှင့်။

မှောက်အိပ်မည်ကြံတော့လည်း အဲ စူးပေ့ါ၊ ရင်ဘတ်ကအောင့်၊ နဖူးက ထောက်နှင့်။

ဘေးစောင်းပြန်တော့လည်း ပေါင်ရင်းကစူး၊ နံကြားကထောက်၊ နားထင်ကအောင့်နှင့်။

ဘယ်လိုမှမဖြစ်နိုင်သည့်အဆုံး ထိုအကြံကို အကောင်အထည်ဖော်ရန် အမြန်ဆောင်ရွက်ရလေသည်။

"အဖေ ဘိုထိုင်အိမ်သာတစ်လုံးလောက် ဝယ်ပေးပါလား"

သူတင်သွင်းသောအဆိုကြောင့် မိဘပင် မျက်လုံးပြူးချေပြီ။

"ဟေ ဘိုထိုင်အိမ်သာက ဘာလုပ်ဖို့လဲ၊ ဒီအတိုင်းလဲ"

ဗေဒါက ခြင်ထောင်ထဲကွရင်း

"အာ အဖေကလည်း အဲဒါတွေက ခေတ်မမီတော့ဘူးဗျ၊ အခုဟာက ဘိုထိုင်နဲ့မှ အဆင့်မြင့်တာ"

"ရွှေတွေထွက်လာလို့လားဟင်"

"အာ အဖေကလဲ ရွှေထွက်တာထက်ကို ဖီး(လ်)တက်သေးသဗျ၊ မြို့မှာဆို ခေတ်မီသူတိုင်း ဘိုထိုင်နဲ့ကျော့နေတာ"

"ဟုတ်လား"

သားဂယောင်ကိုမွေးထားသော ဂျင်နရေးရှင်းကြီး ဂယောင်နည်းနည်းရိုက်သွား၏။

"သားကိုချစ်ရင် အဲဒါလေးပဲ အမွေပေးပါလားဟင်"

မိဘဆီက သားသမီးအမွေတောင်းတာတောင် ဘိုထိုင်အိမ်



www.burmeseclassic.com

www.burmeseclassic.com



သာပဲ တောင်းတယ်ဆိုတော့ စဉ်းစားသာကြည့်။ သူ့ရောဂါ ဘယ်လောက်ခံရခက်နေတယ်ဆိုတာ။

"အေး ငါစဉ်းစား"

"စဉ်းစားမနေနဲ့၊ အဖေ့ရောဂါနဲ့လည်း ကိုက်ပါတယ်"

"ဟေ"

ဖြစ်ချင်တော့ သူကလည်း အချုပ်ဇယားနဲ့ လိပ်သမား။ မိုးလင်းသည်နှင့် ဒီအကြောင်းစဉ်းစားတိုင်း ရင်လေးနေရသူ။ ထို့ကြောင့်

"အေး အေး ဒါဆိုလည်း မြို့တက်ဝယ်ရတာပေါ့"

ဗေဒါ ဝေဒနာကြားက ဝမ်းသာသွားသည်။

\+ + +





သိပ်မကြာပါ။ ဦးနီဘိုကြီး မြို့တက်ပြီး ဘိုထိုင်အိမ်သာ ဝယ်လာသည်ဟူသောသတင်းက ရွာထဲ ပျံ့နှံ့သွား၏။

သူသူကိုယ်ကိုယ် ကန်သင်းရိုး အားကိုးနေကျမို့ အားလုံးတအံ့တဩဖြစ်ပြီး၊

"ဟဲ့ ဦးနီဘိုကြီး ဘိုထိုင်အိမ်သာဝယ်လာလို့တဲ့"

"ဟဲ့ ဘာလဲ၊ ဘိုထိုင်အိမ်သာဆိုတာ"

"အိုအေ၊ ဘိုလိုထိုင်ပြီး အင်အင်းပါတဲ့ဟာလေ"

"ဟဲ့ ဘိုတွေထိုင်တာ၊ တို့မြန်မာလို့ ဆောင့်ကြောင့်မဟုတ်လား"

"အဲဒါတော့မသိဘူး၊ အိမ်သာထဲ ဒလက်တွေပါတယ်တဲ့၊ ယောကျ်ားဆိုတစ်မျိုး၊ မိန်းမဆိုတစ်မျိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ကြောက်စရာကြီး"

တစ်ရွာလုံး ဘိုထိုင်အိမ်သာအကြောင်း ထောင်းလမောင်း ထကုန်၏။ တချို့ကလည်း ဘိုထိုင်အိမ်သာဆိုတာ ခလုတ်ဆွဲလိုက်ရုံနဲ့ ပျော်ပွဲရွှင်ပွဲကျင်းပသလို အတွဲလိုက်ဆင်းချလာသယောင် ပြောဆိုနေကြသလို၊ တချို့ကလည်း ဘိုထိုင်အိမ်သာဆိုတာ ကီးစွပြီးလျှင် ထိုအထဲမှ လက်ကြီးတစ်ဖက် ထွက်လာပြီး မျက်နှာပင်သစ်ပေးကြောင်း၊ တချို့ကလည်း ထိုအပေါ်၌ ကြာကြာထိုင်လျှင် တင်ပါးပင် ယင်မနားတော့လောက်အောင် ပြောင်လက်ဝင်းစိုလက်လာကြောင်း စသည်ဖြင့် အမျိုးမျိုး ပြောဆို ထင်ကြေးပေးနေကြလေသည်။

ဝယ်လာသူဦးနီဘိုပင် သူ့ပစ္စည်းကြီးသူ ဘယ်လိုသုံးရမှန်း မသိ။ ဘယ်နားမှာ တပ်ဆင်ရမှန်းမသိဘဲ အသုံးလိုသည်ဆိုသော သားတော်မောင်ဗေဒါ အိပ်ရာထဲသို့

"ဂဲ အဲဒါ မင်းအတွက် အမွေပဲဟေ့"

ဆိုကာ လျှို့သွင်းပေးလိုက်ရလေသည်။

\+ + +





တစ်ရက်နေလည်း ထွက်မလာ၊ နှစ်ရက်နေလည်း ထွက်မလာ၊ ကြာတော့ မသင်္ကာဖြစ်ပြီး မွေးသမိခင် ကျေးရူးရှင်နှစ်ပါးမှာ အသာအယာ လေးဖက်ထောက် ခြင်ထောင်လှပ်၍ ခိုးချောင်းရလေသည်။

"ဟာ"

မြင်ကွင်းကား ဆန်း၏။ ခြင်ထောင်ထဲ ဘိုထိုင်အိမ်သာထည့်၊ ဘိုထိုင်အိမ်သာထဲ ပန်ကာထည့်ပြီး ထိုအပေါ်မှာမှ အသေအချာ အကျအန ထိုင်ပြုံးတော်မူနေသော သားတော်မောင်ဗေဒါကို ကြည်နူးဖွယ် တွေ့လိုက်ရ၍ပင် ဖြစ်တော့၏။

"ဟင် မင်း မင်း ဘာလုပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



> တစ်ခါက ကမ္ဘာက
> ပို့(စ်)မော်ဒန်ပန်းချီဆရာတစ်ဦးက
> အိမ်သာခွက်ကို အနုပညာအဖြစ်
> ပြသ၍ ဒါကြီးဟာ အနုပညာပစ္စည်း
> ကြီးလားဟူ၍ အငြင်းပွားကာ
> ကမ္ဘာကျော်ခဲ့သည်ဟု
> သိခဲ့ရသော်ငြား

"ထိုင်နေတာလေ"

မျက်လုံးငယ် မှေးစင်းပြီး ကြည်ဝင်းနေသော သားဖြစ်သူကို ကြည့်၍ မာတာမိဘနှစ်ပါးခမျာ လေးဖက်ထောက်ကြီးဖြင့် ပါးစပ်နှစ်ကွင်း ဟင်းလင်းဟ၍ ငြိမ်ကျနေရရှာလေသည်။

တစ်ခါက ကမ္ဘာက ပို့(စ်)မော်ဒန်ပန်းချီဆရာတစ်ဦးက အိမ်သာခွက်ကို အနုပညာအဖြစ်ပြသ၍ ဒါကြီးဟာ အနုပညာပစ္စည်းကြီးလားဟူ၍ အငြင်းပွားကာ ကမ္ဘာကျော်ခဲ့သည်ဟု သိခဲ့ရသော်ငြား၊ ပေဒါကဲ့သို့ အိမ်သာခွက်ကို အိပ်ရာအဖြစ် အသုံးပြုသည်ကို အနှီလူများကြားသော် ကမ္ဘာကျော်ကြားရုံမျှမက ကမ္ဘာကြီးပင် ပြားသွားပေလိမ့်မည် လောက။

သူ့ခမျာလည်း ထိုင်မရ၊ ထမရ၊ အိပ်မရမို့ ဘိုထိုင်အိမ်သာခွက်နှင့်မှ အထာကျတော့တာကိုး။ ခြင်ထောင်ထဲကိုဝင် ဘိုထိုင်အိမ်သာခွက်ပေါ် ခြေတင်၍ မြိန်နေသောသူ့ကို မိဘများကလည်း မေးပါ၏။

"မင်းနှယ် ဘယ့်နှယ်ကြောင့် အိပ်ရာထဲ ဘိုထိုင်အိမ်သာခွက်ကြီး ထည့်ထားရတာတုန်း"

အဖြေကား သင်း၏။





"အဖေရာ ဘာမှမသိဘဲနဲ့ မပြောပါနဲ့၊ ဒါကြီးကို အဖေတို့က အိမ်သာခွက်အဖြစ် မြင်တာကိုး"

"ဒါဖြင့် ဘာတုန်း"

"ဟောဒါကြီးလှဲထားရင်ဖြင့် ခေါင်းအုံး၊ ဟောဒီလိုခေါင်းပေါ်မှောက်တင်တော့ ဦးထုပ်၊ ဟောဒီကွင်းလေး(အပေါ့သွားလျှင်လှန်ထားရသောကွင်း)ကိုလည်မှာဆွဲတော့ လည်ဆွဲ၊ ဟောဒီအဖုံးကို ဒီလိုဖြုတ်ပြီး ယပ်တော့ ယပ်တောင်၊ ကဲ ဒီလောက်များများ အသုံးဝင်တာ ဘယ်မှာရှိမှာတုန်း၊ ခေတ်မီသူတိုင်း အိပ်ရာထဲမှာ အိမ်သာခွက်ထားသင့်တယ်လို့ ကျွန်တော်အဆိုပြုပါတယ်"

မိဘပင် ခေါင်းကုတ်ကာ သူ့အဆိုတင်သွင်းမှုကို ထောက်ခံရမလို မထောက်ခံရမလိုနှင့်၊

"အြော် ဒါကြောင့် သူ အမြတ်တနိုးနဲ့ ဒီအိမ်သာခွက်ကြီးကို ခြင်ထောင်ထဲထည့်ထားတာကိုး"

ဟူ၍အတွေးပေါက်ပြီး သူတို့လင်မယားပင် ခေတ်မီအောင်အိမ်သာခွက်ကို ခြင်ထောင်ထဲထည့်ရနိုး၊ မထည့်ရနိုး ကြိတ်တိုင်ပင်မိကြလေသည်။

မည်သို့လုပ်ရမည်ကို မသိတော့သည့်အဆုံး ရွာသားများအား လိုက်လံမေးမြန်းကြည့်ရာ ထောက်ခံမဲတစ်ဝက်(လူငယ်များ) ကန့်ကွက်မဲတစ်ဝက်(လူကြီးများ)နှင့် မဲရေတူနေသောကြောင့် မည်သို့မျှ မဆုံးဖြတ်နိုင်ဘဲ 'ဘိုထိုင်အိမ်သာခွက်'သုတေသီအဖွဲ့ကြီးဖွဲ့ပြီး သုတေသနစာတမ်းတစ်စောင်ပြုစုရန်သာ စီစဉ်လိုက်ကြရလေတော့၏။

အမှန်မှာ ဟိုကောင်က သူ့ရောဂါနှင့်သူ။ သူ့ရောဂါ သက်သာလိုသက်သာငြား ဘိုထိုင်အိမ်သာခွက်ထဲ ပန်ကာထည့်၊ ပန်ကာပေါ်မှာ ဝစ္စနှစ်လုံးပေါက်နှင့် တစ်ချောင်းငင်တင်။



www.burmeseclassic.com

www.burmeseclassic.com



လေအပင့်မှာ ကြွေလွင့်သော နာသုံးနာ။

၁။ မိဘနာ

၂။ လူထုနာ

၃။ ငါးစင်ရိုင်းနာ။

သူ့ဘာသာသူ အမည်တပ်ထားသော ဇီးဝမ်းဇီးစီမံကိန်းအောင်မြင်ရန် အကောင်အထည်ဖော်နေခြင်းသာ။ (မျက်လုံးနှစ်လုံး ယောင်ကိုင်းပြီး နှာခေါင်းကြီးဖုနေတာကို ရည်ညွှန်းပုံရ၏။ ဤကားစကားချပ်)။

ကြာလာခဲ့သော် အရာရာပလန်ရှိသူမို့ သူဆွဲထားသော ပလန်လက်လာပြီးသကာလ၊ ပက်လက်လန်လို့ရသော အခြေအနေသို့ ရောက်ရှိလာပါတော့၏။

ထိုအခါ သူ၏စိတ်အခြေမှာ တစ်မျိုးပြောင်းလာပြန်သည်။

ချစ်သောပြာလဲ့ ပလန်ကား လက်ပြန်ချေပြီ။

\+ + +





ပြာလဲ့အား မတွေ့ရသည်မှာ အတော်အတန်ကြာခဲ့လေပြီ။

နွားသိုးကြိုးပြတ်သောနေ့မှစ၍ သူခိုးဇာတ်အခင်းခံရပြီး မြန်မာစာရေးထုံး၌ အသုံးအများဆုံး ဝစ္စနှစ်လုံးပေါက်နှင့် တစ်ချောင်းငင်ကိုမေ့ပြီး ရေးသားမိခဲ့သောကြောင့် တောခြောက်ခံရသလိုဖြစ်ပြီး အနေနီးနေရာမှ ဝေးကွာခဲ့ရသောဘဝ။

အမှန်တော့ ဤနည်းနှင့်ဤနည်း။ ဘယ်နည်းနဲ့မှဝေးရန်မရှိ။ ယခုတော့ ငါးပိအိုးထိုးခံရပြီးကတည်းက တစ်လ ကိုးသီတင်းဝေးကွာခဲ့ရလေပြီ။

ပြောရင်းပြောရင်း မျက်ရည်ဝိုင်းရပေမည်။

အချစ်ကြီးတယ်လို့ပဲဆိုဆို၊ အလျှုအိမ်မှာ ကြမ်းတပြေး



www.burmeseclassic.com

www.burmeseclassic.com



တည်းထိုင်ပြီး လက်ဖက်စားစဉ် ဒွန်းတပြေးလေးဝေးသွားသည်ကို တောင် ရက်ပေါင်း(၇၀၀)ဆွေးချင်သူရယ်လေ။

ယခုတော့ တစ်လရယ်မှ ကိုးသီတင်းဝေးကွာနေရသည်ဆို တော့ စဉ်းစားသာကြည့်။ မျက်ရည်ချောင်းစီး၍ မောင်းတီးပြီး လှူ ပစ်၍ပင် ရလောက်သည်။

ယခု သူပို၍ငိုချင်လျက် လက်တို့ဖြစ်နေသောသတင်းလည်း ရှိ၏။

ထိုသတင်းကား သတင်းကြီး။ ပြာလဲ့တို့အိမ်က ဇိမ်ခံကား တစ်စီးဝယ်ပြီး ပြာလဲ့ကိုယ်တိုင် မောင်းနှင်နေသည်ဟူသော သတင်း။

ယခင်က ပဲကောက်၊ နှမ်းကောက်(ရာသီအလိုက် ပဲများ၊ နှမ်းများကို ဝယ်၍သိုလှောင်ထားသော)သွားလျှင် စက်ဘီး၊ တရုတ် ဆိုင်ကယ်လောက်သာ အသုံးများသော သူတို့ရွာကလေး၌ ပြာလဲ့တို့ က ကားကြီးဝယ်လိုက်သည်ဟူသော သတင်းက သူ၏တင်ပါး ငါးဇင် ရိုင်းဆူးထိုးခံရသည်ထက် ပို၍ပိုကွစေသည်။

နောက်တစ်ခုလည်း စဉ်းစားမိ၏။

သူက မိဘထံမှ အမွေရသော အိမ်သာခွက်စီးချိန်၌ သူ၏ ချစ်သူက ကားစီးပေပြီ။ အိမ်သာခွက်နှင့်ကား ဘယ်သင်းသာသည် စဉ်းစားကြည့်။

အိမ်သာခွက်ဆိုသည်မှာ အထိုင်ရကောင်းသော်လည်း ဘရိတ် မပါ၊ ဂီယာမပါ၊ စတီယာတိုင်ဆိုတာ ဝေလာဝေး၊ နောက်ကြည့်မှန် လည်းမရှိ၊ အရာရာနတ္ထိ ကတုံးကြီး။ နောက်ပြီး ဘယ်မှလည်း သွား လို့မရောက်၊ သွားလို့လဲမရ။ အဆိုးဆုံးက လေကောင်းလေသန့်ပင် မရ။ ထို့ကြောင့် သွားလို့လဲရ၊ လေကောင်းလေသန့်လဲရသော ချစ်သူ မောင်းသောကားကြီး ဇိမ်နှင့်စီးချင်နေရခြင်းဖြစ်၏။

သြော် ချစ်သူ ချစ်သူဟု ပါးစပ်အရသာခံခေါ်နေရသော်





လည်း ကိုယ်ကသာ တစ်ဖက်သတ်။ ဟိုဖက်က ရဲတိုင်ထားလားမသိ။ အခြေအနေက ဘာမှန်းမသိ။ သူ ပြာလဲ့၏ အဖြေရပုံကလည်း ဆန်း သည်။

+ + +



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါသား ရွာတောင်ဖျားမှာ ပြာလဲ့ ဟင်းရွက်ချိုးပြန်စဉ်က အလစ်ချောင်းပြီး ထနောင်းပင်အောက်မှ ပြေးထွက်လက်ဆွဲ

"နင် ငါ့ကို ချစ်တယ်ပြောမှ လွှတ်မယ်"

ဆိုတာကြောင့် ခမျာမှာ လူကပြတ်၊ လက်သွက်သော ဝမ်းတွင်းရှူးနှင့် ကြုံနေတာမို့

"ချစ်တယ် ချစ်တယ် ငါ့လက်လွှတ်"

ဆိုကာ သီတင်းကျွတ်လုပ်သွားခဲ့တာ။ ဟိုကတော့ လက်ကို မလွှတ်က ပြဿနာပိုကြီးမည်စိုး၍ ပြောသွားသည်ထင့်၊ ဝေဒါခမျာတော့ သူ့အား အဖြေပေးသွားပြီဆိုကာ ရွာစဉ်လှည့်ကြေညာခဲ့ရှာသည်။





နှစ်ဖက်မိဘများ သိသွားသော်ငြား ဤဝမ်းတွင်းရှူး သူ့ဘာသာသူပြောပြီး အာညောင်းတော့လည်း ပြီးသွားတော့မယ်ထင်တာကိုး ပရိသတ်ရဲ့။

သူ့ခမျာ ချစ်သူဖြစ်ပြီလို့ ထင်နေသော်ငြား နောက်တစ်ကြိမ် ဆုံပြန်လည်း ဟိုက အဖက်မလုပ်၊ အလျှုအိမ်မှာ လက်ဖက်သုပ်စားနေတာ ကြမ်းတပြေးတည်းကြုံလို့ ဟိုက မျက်နှာလွှဲတာကိုတောင် 'ခမျာလေး အရှက်သည်းရှာတယ်'ဆိုပြီး နားထင်ရောက် အမြီးကောက်နေသူလေ။ ဝမ်းတွင်းကလည်း ဤသို့ရှူးရှာကိုး။

ယခုလည်း ဟိုက သူ့ပိုက်ဆံနှင့်သူ ကားဝယ်တာကို ချစ်သူကားကြီးပျော်ပျော်စီးချင်စိတ်က ထိန်းမရ။ အစကတည်းက ဟိုက အနားကပ်မခံ။ တစ်လံကွာ သူရောက်နေတာကိုတောင် 'တည်းသီးနဲ့ နံလှပေါ့'ဆိုပြီး စူအောင့်နေသူလေ။ ဒါကိုတောင် မျက်နှာရှူးခမျာ အရှက်မရှိ၊ ခန္ဓာကိုယ်မွှေးလိုမွှေးညား သရက်စေ့နှစ်စေ့ ချိုင်းမှာညှပ်ပြီး လေတင်လေအောက်က ငွေးသေး။ မွှေးလိုမွှေးညားပေါ့။

အင်း ပြောရရင်တော့ ခွေးလှေးခုန်လို့ ဖုန်မထလင့်ကစား ချစ်သူ၏ ကားလေးခုန်၍ အတူ ဖုန်ထလိုက်ချင်သေးသကိုး။

ခက်သည်က ဟိုကလေးမခမျာ သူ့ကို ချစ်သူအဖြစ် တရားဝင်သတ်မှတ်လေလား မသတ်မှတ်လေလားမသိ။ ဘာညာသာရကာ ကလောဟိမှ ဗျောကြီးကြီးထိမှာလည်း ကြောက်ရသကိုး။ ဒါကြောင့် အလွယ်ကူဆုံး ချစ်ရည်လူးနိုင်ရန်သာ စဉ်းစားလိုက်သည်။

"ရှိပြီ"

အကြံက ဤသို့ထွက်သည်။ ပလန်နှင့်သွားရမည်။ ပလန်ကား လက်၏။ ထိုပလန်က အံ့ဩရယ်မောဖွယ် ပလန်။ လက်၏။

ထိုပလန်မှာ ပထမ ချစ်သူအံ့ဩမည်။

နောက် ရယ်မောမည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ပြောစရာတစ်ခုသာ ရှိသည်။

"သွား လူဆိုး ရေလည်းမချိုးဘဲနဲ့ ဟင်းဟင်း"

ဒါပဲဖြစ်သည်။ ပိုင်၏။

ထိုအကြံအစည်ကို ဖော်ဆောင်နိုင်ရန် ဘယ်သူမှမမြင်အောင် အိမ်ပေါ်မှ ခြေဖော့ဆင်းလိုက်သည်။

\+ + +





နံနက်လင်း၍ လယ်ခင်းဆင်းသူ ဆင်းကြပေပြီ။ ဘာအလုပ်မှမရှိဘဲ မိန်းမရရေးသာ ဦးစားပေးသော ဗေဒါမှာ ကုပ်ချောင်းချောင်းနှင့် ပြာလုံ့တို့အိမ်နား ပြေးကပ်လိုက်၏။

"ဟော တွေ့ပြီ"

သူစီးချင်သော ချစ်သူ၏ကား။ သူ အသည်းယားနေသော ကား။ ထိုကား,ကား အဖြူရောင်ဖြစ်ပါသည်။

အသစ်စက်စက် မဟုတ်သော်ငြား ဤတော ဤရွာနှင့်ဆို ဤကားမှာ အင်မတန် သန့်ပြန့်လှသည်။ ဂရမ်းစတန်းကျသည်ဟု ဆိုရပေမည်။

ဗေဒါမှာ ခွေးသူခိုးနှင့်သူတစ်ယောက်တည်းသာ ကြည့်တတ်သော အကြည့်မျိုးနှင့် ဘေးဘီရှိုးလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



လူရိပ်လူခြည်ကင်း၏။ ဘယ်သူမှရှိမနေ။

ပြာလဲ့ ဖေဖေဦးဘိုးအေမှာ မယားဖြစ်သူ ဒေါ်အိုနှင့်ကျောင်းကန်ဘုရား သွားနေကြထင့်။

သမီးအလိမ္မာလေး မွေးထားပြီဖြစ်သောကြောင့် စီးပွားရေးကိစ္စများကို စိတ်ချလက်ချ လွှဲအပ်ထား၍ရပေပြီ။

သြော် သားကောင်းသမီးကောင်း ရသူများက ကားဝယ်စီးလို့ရပြီပေါ့။ သားဆိုး သမီးဆိုး မွေးမိသူများအဖို့တော့ အိမ်သာခွက်ပင် ခြင်ထောင်ထဲထည့်ရန် အမွေခွဲခြင်းခံရပေပြီ။

ရှိစေဦးတော့။

ယခု ဗေဒါ ချစ်သူကား မြင်ပြီး ခြေယားနေလေပြီ။ ချစ်သူကားနားပြေးသွားရန် လူရှင်းမရှင်း ကြည့်ရသေးသည်။ အကယ်၍ တစ်ယောက်ယောက်များ မြင်သွားပါက သူ့အကြံအစည် မအောင်မြင်ဘဲ ရှိမှာကိုး။ ထို့ကြောင့် နားထင်စပ်စပ်မျှ ခေါင်းပေါ်ရုံလှမ်းရှိုးလိုက်သေးသည်။ ပတ်ဝန်းကျင်က အငြိမ်။

အငြိမ်မနေနိုင်သူကသာ ကားနားသို့ 'ဖောက်'ဆို လှမ်းကပ်လိုက်သည်။

နောက် ဟိုကြည့်ဒီကြည့်နှင့် ကားတံခါးကို ဆွဲဖွင့်လိုက်တော့

"ကျွီ"

"ဟာ"

ကားတံခါးက ကံကောင်းထောက်မစွာ လော့ခ်ချမထား။

ဗေဒါ ကားနောက်ခန်းသို့ သားပိုက်ကောင်လို ခုန်တက်လိုက်သည်။ ကားတံခါးကို အသာအယာပြန်ပိတ်ရင်း ကားနောက်ခန်းခုံအောက် မရမက တိုးပုန်းနေလိုက်တော့သည်။

\+ + +





ချစ်သူကို စောင့်ရသည်မှာ တစ်ကမ္ဘာခန့် ကြာပါသည်။ သူ့ခမျာ ခိုးကြောင်ခိုးဝှက်ကလည်း ပုန်းနေသေး။ ခါးကလည်း ကုန်းနေရသေးမို့ နေရေးထိုင်ရေးက သိပ်အဆင်ပြေလှသည်တော့မဟုတ်။ ငုတ်တုတ်ငုတ်တုတ်နှင့် ခေါင်းလည်းမလှုပ်ရဲ၊ ဖင်လည်းမကုတ်ရဲ၊ ယားလည်း ဒီအတိုင်းသာ ဖြကားနေရလေသည်။

"သမီးသွားမယ်မေမေ၊ အိမ်ကပဲ စောင့်တော့နော်"

ဟော ချစ်သူ့အသံ။ ဗေဒါ ဝမ်းသာသွားသည်။

"အေး သမီး၊ ကားလည်း ဖြည်းဖြည်းမောင်းနော်၊ ဟယ် စိတ်မချပါဘူး။ မေမေလိုက်ပေးမယ်"

ဗေဒါရင်ထဲ ထိတ်ခနဲ။ သူ့အမေလိုက်လာလျှင် သေပြီ။ သူ့



www.burmeseclassic.com

www.burmeseclassic.com



အမေရှိနေမှန်း သူမသိ။

"ရပါတယ်မေမေရဲ့၊ မေမေ ပင်ပန်းနေပါလိမ့်မယ်၊ အိမ်က ပဲစောင့်၊ သမီးမကြာပါဘူး"

"အေး အေး ဒါဖြင့်လဲ ဖြည်းဖြည်းသွား"

ပေဒါဝမ်းသာသွားသည်။ တစ်ကိုယ်ချင်း တစ်ကိုယ်ချင်း တွေ့ရပြီဆိုတော့ အပိုင်ပဲပေါ့ ဟုတ်ဘူးလား။

"ခစ်ခစ်"

ဝမ်းသာလုံးဆို့ပြီး ခိုးရယ်မိသေးသည်။ နောက်မှ သတိရပြီး ကိုယ့်ပါးစပ်ကိုယ်အုပ်ကာ တက်လာသော ဝမ်းသာလုံးကို လည်မျိုအရောက် ပြန်မျိုချနေလိုက်သည်။

လာပြီ။ ချစ်သူ့ခြေသံ။ သူမလက်က သော့ယမ်းလာပုံရသည်။ တချွင်ချွင်နှင့် တံခါးဖွင့်သံ။

"ကျွိ"

ကားက အိခနဲ။ ချစ်သူနဲ့သင်းသင်း။

"ဟင် ကားက ဘာနံ့ နံနေပါလိမ့်၊ ပုပ်အက်အက်နဲ့"

ချစ်သူ၏ရေရွတ်သံ။

အဲယားကွန်းကို ဖွင့်လိုက်သည်။ နောက် ကားစက်သံက ဝှီးခနဲ၊

"ချမ်းမြေ့ချမ်းမြေ့ပါစေ ချမ်းမြေ့ချမ်းမြေ့ပါစေ၊ ဖေဖေလည်းချမ်းမြေ့ပါစေ၊ မေမေလည်း ချမ်းမြေ့ပါစေ၊ သားသမီးလည်း ချမ်းမြေ့ပါစေ"

ကားကက်ဆက်ဆီမှ ပျံ့လွင့်လာသော သီချင်းသံ။ ပေဒါလေးဖက်ထောက်ပြီး ချမ်းမြေ့နေသည်။

ကားလေးက သခင်လိုရာ လျှောခနဲ ပြေးထွက်သွားသည်။

"အောင်မာ ပြာလဲ့က ကားမောင်းမဆိုးဘူးဟ"





သူကသာ
ကြိတ်ကြဲနေတာ။ ပြာလဲ့ကတော့
သူပါလာတာ မသိဘဲ
တစ်ယောက်တည်း
ချမ်းမြေ့နေသည်။

ကြိတ်၍ အမှတ်ပေးနေမိသေးသည်။

"ဘဝထိုထိုအတွင်းမှာ ငိုချင်းရှည်များ ကင်းဝေးပါစေ၊ ရနံ့သင်းသော ပန်းလည်း လန်းပါစေ"

ပြာလဲ့က သီချင်းကို တိုးတိုးလေးလိုက်ဆိုပြီး ငြိမ့်နေသည်။

ချစ်သူနှင့် ဤမျှလောက် အနီးကပ်မနေဘူး၍ ပေဒါဝမ်းသာနေသည်။ ခေါင်းကိုထုတ်၍ အပြင်သို့ ခိုးကြည့်လိုက်သည်။

"အင်း ကားက ရွာထဲမှာပဲ ရှိသေးပါလား"

ရွာထဲမှာဆို အခြေအနေကမကောင်းသေး။

"ရွာပြင်ရောက်မှ ဟီဟိ"

သူကသာကြိတ်ကြဲနေတာ။ ပြာလဲ့ကတော့ သူပါလာတာမသိဘဲ တစ်ယောက်တည်း ချမ်းမြေ့နေသည်။

"ချမ်းမြေ့ ချမ်းမြေ့ပါစေ၊ ချမ်းမြေ့ ချမ်းမြေ့ပါစေ"

ပေဒါ ခေါင်းပြူကြည့်သည်။

"ဟာ ရွာပြင်ရောက်ပြီ၊ လူရှင်းပြီ"

ပေဒါဝမ်းသာသွားသည်။ သို့သော် ပြာလဲ့မသိအောင် အသာအယာ ခိုးထလိုက်သည်။

"ဖေဖေလည်း ချမ်းမြေ့ပါစေ၊ မေမေလည်း ချမ်းမြေ့ပါစေ"



www.burmeseclassic.com

www.burmeseclassic.com



လူရှင်း၍ အကွေ့အကောက်များသောလမ်းကို ရောက်ပြီ။ ပြာလွဲက သီချင်းငြီးနေဆဲ။ စတီယာတိုင်ကိုပင် လက်နှင့်ပုတ်၍ စည်းချက်လိုက်နေသေး၏။

ဗေဒါ သူ၏ ပလန်အကောင်အထည်ဖော်ရန် ပြင်ဆင်လိုက်သည်။

မျက်နှာကြီးပြုံး၊ လက်နှစ်ဖက်ကို ရှေ့ထုတ် ပြာလွဲမျက်လုံးဆတ်ခနဲအုပ်ကာ

"ဟိတ် အဒ္ဒူရဲပြော"

"ဟင် ဟင် ဘာဖြစ်"

"ကျွိ ကျွိ"

ကားမောင်းနေရင်း ရုတ်တရက် မျက်လုံးအအုပ်ခံရ၍ ပြာလွဲလန့်သွားပြီး ဘယ်ဖက်ကွေ့ရန်း၊ ညာဖက်ကွေ့ရန်းနှင့် မျက်လုံးမမြင်ရတော့ ကားလေးက ဒယီးဒယိုင်ဖြစ်သွားသည်။ ထို့ကြောင့်

"ဟဲ့ ဟဲ့ ဘယ်သူလဲ၊ ဘာလုပ်တာလဲ လွှတ်စမ်း"

ပြာလွဲ၏အော်သံ။ ဗေဒါက ပြုံးပြုံးကြီး ပြာလွဲမျက်လုံးအုပ်ကာ

"လွှတ်ဘူး လွှတ်ဘူး၊ ဘယ်သူလဲ ပြောတာမှန်မှ လွှတ်မှာ"

ဖြစ်ချင်တော့ ပြာလွဲကလည်း ကားက ခုမှမောင်းခါစ။ ဒါကို ရုတ်တရက်ကြီး မျက်လုံးအအုပ်ခံရ၍ ကြောက်လန့်ပြီး လီဗာကိုစွတ်နင်းမိတော့ ကားက ဒယီးဒယိုင်နှင့် ဟိုဖက်ဝင်တိုက်နိုး၊ ဒီဖက်ဝင်တိုက်နိုး။ ထို့ကြောင့် အတင်းရုန်းပြီး

"လွှတ် လွှတ်လို့ပြောနေတယ်လေ၊ ဒီမှာ"

ပြာလွဲ ကြောက်လန့်တကြားအော်သံ။

ဘုံကောင်ဝမ်းတွင်းရှူးကလည်း ရှေ့မကြည့်၊ နောက်မကြည့်။ ကားထိုင်ခုံကိုဖက်၍ မျက်လုံးပိတ်ထားကာ





❛ ပြာလွဲက ခေါင်း
အနည်းငယ်ပေါက်ပြီး ဗေဒါက
ရှေ့တစ်ဘုး နောက်တစ်ဘု
ဖုသွားခြင်းပင်။ ပြာလွဲက
သူ့ခေါင်းကိုသူ အုပ်ကိုင်ထား၏။

"လွှတ်ဘူး လွှတ်ဘူး၊ ကိုယ့်ကိုသိမှလွှတ်မယ်"

"လွှတ်ဆို အား"

"လွှတ်ဘူး၊ နာမည်ပြောမှ၊ ဟာ အောင်မလေး ကယ်ကြပါဦးဗျို့"

ကားကလေးက လမ်းဘေးချောက်ထဲ ဆင်းပြီး ကုက္ကိုလ်ပင်ခြေရင်းဆီ တည့်တည့်ပြေးသွား၏။ နောက်

"ဒုန်း"

"အောင်မလေးတော့"

"အား သေပါပြီ"

ကားလေး အရှေ့ခေါင်းတစ်ခြမ်း ခွင်ဝင်သွား၏။

"အား ကျွတ်ကျွတ်ကျွတ်"

"အား နာလိုက်တာ၊ ဘာ ဘာဖြစ်သွားတာလဲဟင်"

ဖြစ်ချင်တော့ ကားက ဘယ်ဖက်အခြမ်းနှင့် ဝင်တိုက်မိ၍ ညာဖက်အခြမ်းမှာရှိသော သူတို့နှစ်ယောက် ဘာမှသိပ်မဖြစ်။

ပြာလွဲက ခေါင်းအနည်းငယ်ပေါက်ပြီး ဗေဒါကရှေ့တစ်ဘု၊ နောက်တစ်ဘု ဖုသွားခြင်းပင်။ ပြာလွဲက သူ့ခေါင်းကိုသူ အုပ်ကိုင်ထား၏။ ရုတ်တရက်မို့ သူလည်း ဘာဖြစ်သွားလည်း သိပုံမရပေ။



www.burmeseclassic.com

www.burmeseclassic.com



"အား ကျွတ်ကျွတ်"

သူဒဏ်ရာကိုသာသူ သတိရနေ၏။ နောက် ကားတံခါးကို ဖွင့်၍ အောက်ဆင်းပြီး ကားကိုဆင်းကြည့်သည်။ ဗေဒါလည်း ယောင် လည်လည်နှင့် နောက်ကလိုက်ဆင်းလာပြီး ကားကိုလိုက်ကြည့်သည်။ ပြီးနောက် ကရုဏာသံနှင့်

"တော်တော်နာမှာပဲနော်"

"ဟင် နင် နင်"

ဗေဒါကိုမြင်တော့ ပြာလဲ့ အံ့အားသင့်သွားသည်။ ဒါကို ဗေဒါက နာနေသည့်ကြားက သွားဖြဲပြီး

"ဟင်းဟင်း ကိုယ်ပဲလေ အံ့ဩသွားတယ်မဟုတ်လား၊ မလိမ်နဲ့"

သူစကားကြားတော့ ပြာလဲ့ ဒေါသထွက်သွားကာ

"ဟင် နင် နင် ငါ့ကို ဘာလုပ် ဘာလုပ်တာလဲ"

ပြာလဲ့၏အမေးကို ဗေဒါက သွားဖြဲ ခေါင်းခါကာ

"ဟင်းဟင်း အံ့ဩသွားအောင်ပါ၊ အဒူရဲလို့ လုပ်လိုက်တာလေ၊ အံ့ဩသွားတယ်ဟုတ်၊ မလိမ်နဲ့နော် ကိုယ်မကြိုက်ဘူး"

"အား"

ပြာလဲ့၏ဒေါသတို့ ထားစရာနေရာမရှိတော့။ ဤမျှလောက် ဖြစ်နေတာတောင် မျက်နှာဖြဲကြီးနဲ့ အူမြူးပြနေတော့ စဉ်းစားသာ ကြည့်။

ဒီကြားထဲ ငတိက

"ဒါနဲ့ ပြာလဲ့က ကားသိပ်မမောင်းတတ်ဘူး ထင်တယ်နော်၊ ပြာလဲ့ကားမောင်းတာ ကိုယ်ဖြင့် ရယ်တောင်ရယ်မိသေး၊ ဟာစ်၊ မောင်းနေရင်းနဲ့ လမ်းဘေးဆင်းချသွားတာ ဗိုးခနဲပဲ၊ ကုက္ကိုလ်ပင် ကယ်ပေလို့ပဲ၊ နောက်မို့ဆို ဘယ်အထိဆင်းမလဲ မသိဘူး၊ ကုက္ကိုလ်





> နေ့စဉ် ခြင်ထောင်ထဲ ဘိုထိုင်အိမ်သာနှင့်သာ မြင်နေကျသားကို အပြင်မှာ အရှင်လတ်လတ်ကြီး တွေ့လိုက်ရသည်မို့ အံ့ဩကျောပါ ဆွဲသွားသည်။

ပင်ကြီး ဆီးတားမှ ဒိုင်းခနဲ ရပ်သွားတော့တာ ဟီးဟီး ဟစ်"

ပြာလဲ့မှာ ဘာပြောရမှန်းမသိ၊ ဝင်ပဲ ရိုက်ရမလား၊ ထွက်ပဲ ပြေးရမလား ဖြစ်နေမိသည်။ ထိုစဉ်မှာပင်

"ဟော့ ဟော့ ဘာဖြစ်တာလဲ"

"ဟာ ပြာလဲ့ ကားတိုက်လို့ဟော့"

"ဟယ် ပြာလဲ့ကားတိုက်တယ်"

ရွာနှင့်ကလည်း သိပ်မဝေးသေး၍ တစ်ဆင့်စကားတစ်ဆင့် နားနှင့် တစ်ရွာလုံး ရောက်ချလာ၏။

ပြာလဲ့အနား ဗေဒါကိုပါမြင်၍ အားလုံးအံ့အားသင့်သွားကြသည်။ ရွာသားများ သူ့ကိုကြည့်ပြီး

"ဟာ ဒီကောင်က ဘယ်လိုရောက်နေတာလဲ"

"ဒီကောင်ပျောက်နေတာ ကြာပါပြီ"

"ဟင် မင်း မင်းက"

ဖခင်ဖြစ်သူကပါ မျက်လုံးပြူးရသည်။ နေ့စဉ် ခြင်ထောင်ထဲ ဘိုထိုင်အိမ်သာနှင့်သာ မြင်နေကျသားကို အပြင်မှာ အရှင်လတ်လတ်ကြီးတွေ့လိုက်ရသည်မို့ အံ့ဩကျောပါဆွဲသွားသည်။ သူတို့ ထိုသို့ဖြစ် နေစဉ်မှာပင် ပြာလဲ့ဖေဖေဦးဘိုးအေမှာ စိုးရိမ်တကြီးပြေးလာပြီး



www.burmeseclassic.com

www.burmeseclassic.com



"သမီး သမီး ဘယ်လိုဖြစ်တာလဲ သမီးရယ်"

"အဟင့် အဟင့်"

ပြာလဲ့က ဘယ်ကစပြောရမှန်းမသိဘဲ ငို၍သာနေသည်။ ဒါကို ဗေဒါက လူစွမ်းကောင်းလုပ်ပြီး ရှေ့ထွက်ကာ

"ဦးသမီးပြာလဲ့က ကားသိပ်မမောင်းတတ်ဘူးထင်တယ်၊ ကားကို ဝှီးဝှီးဝှီးနဲ့ မောင်းချလာပြီး ကုက္ကိုလ်ပင်ကို ဒုန်းခနဲတိုက်ချလိုက်တာပဲ ဟီးဟိ"

သူ့စကားကြားတော့ ဦးဘိုးအေ မျက်လုံးပြူးသွားသည်။ နောက် ဇဝေဇဝါနှင့် ဗေဒါကိုကြည့်ကာ

"မင်းက ဘယ်လိုသိလဲ"

ဗေဒါက ရင်ကော့ကာ

"သိတာပေါ့၊ ကျွန်တော်က သူ့ကားပေါ်ခိုးလိုက်လာတာလေ ဟီးဟိ"

"ဟင် ခိုးလိုက်လာတာ"

"ခိုးလိုက်လာတာတဲ့"

ဦးဘိုးအေရော ရွာသားများပင် ပါးစပ်ဟကုန်၏။ နောက် ဦးဘိုးအေ မျက်မှောင်ကြုတ်ကာ

"မင်းက ဘာလို့ ခိုးလိုက်လာတာလဲ"

ဦးဘိုးအေ၏ အမေး။ ဒါကို ဗေဒါက ရယ်ဖြဲဖြဲနှင့်

"သူ့ကိုစဖို့လေ၊ ပြာလဲ့ကိုစဖို့"

လက်ညှိုး ကောက်ကောက်ကလေးနှင့် ပြာလဲ့ကို မခို့တရို့ ဒွန့်ဒွန့်ခနဲ ထိုးပြလိုက်သည်။ ဦးဘိုးအေက ငိုနေသောပြာလဲ့ကိုတစ်လှည့် ဗေဒါကိုတစ်လှည့်ကြည့်ကာ မသင်္ကာဖြစ်သွားသည်။

"ဘယ်လိုစဖို့လဲ"

"ဟီးဟီး သိပ်ရယ်ရတယ်၊ ဟီးဟီး"





"ယောကျ်ားကောင်မင်းက
အနောက်ကထပြီး
ငါ့သမီးမျက်လုံးပိတ်လိုက်တော့
ကားမောင်းနေတဲ့ငါ့သမီး
ဘာမြင်တော့မှာလဲကွ"

ဗေဒါ ဟီးလာတိုက်နေသေးသည်။ တစ်ရွာလုံးက သူ့ကိုငေးကြည့်နေရ၍ သဘောကျနေပုံပေါ်သည်။ အတန်ကြာမှ

"သူ ကားမောင်းနေတုန်း အနောက်ကနေ သူ့မျက်လုံးပိတ်ပြီး အဒူရဲ မှန်မှန်ပြောလို့လုပ်လိုက်တာ၊ ယောဒီလို"

လက်နှင့်ပါလုပ်ပြနေ၍ တစ်ရွာလုံးမှာ

"ဟာ"

"ဟင်"

"အဲဒီလို"

တစ်ရွာလုံး အာမေဋိတ်သံတွေ ဆူညံသွားသည်။ ဗေဒါ၏ မွေးသဖခင်ပင် သူ့သားအပြုအမူကို ပါးစပ်ဟမဆုံး။

ဦးဘိုးအေက မျက်လုံးကြီးပြူးကာ

"ဟင် မင်း မင်း အဲဒီလိုလုပ်လိုက်တယ်"

ဦးဘိုးအေ၏အမေးကို ဗေဒါက သူ့ခါးသူနှိုပ်ပြီး

"ဟစ် ဟစ် ကျွန်တော်ဖြင့် ရယ်လို့တောင် မဆုံးပါဘူးဗျာ ဟစ်ဟစ်"

ဆိုကာ အူတက်မတတ် ရယ်နေသေး၏။ ဦးဘိုးအေက စိတ်မရှည်နိုင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



"မင်း အဲဒီလို လုပ်လိုက်တော့ ဘာဖြစ်"

"ဘာဖြစ် ဟစ်ဟစ်ဟစ်"

ဗေဒါ မျက်ရည်ထွက်မတတ် ရယ်သေး၏။ ပြီးမှ

"ဘာဖြစ်ရမလဲဗျာ၊ ကျွန်တော်လည်း သူ့နောက်ကနေထပြီး သူ့မျက်လုံးကိုပိတ်ပြီး အဒူရဲလုပ်လိုက်တော့"

"သူက ဘာပြောလဲ"

ဦးဘိုးအေက ထောက်သည်။ ဗေဒါက

"လွှတ်လွှတ်လွှတ် တဲ့"

"မင်းက ဘာပြောလဲ"

"လွှတ်ဘူး လွှတ်ဘူး"

"သူက ဘာပြန်ပြောလဲ"

"လွှတ် လွှတ်"

"မင်းက"

"လွှတ်ဘူး လွှတ်ဘူး"

"အဲဒါနဲ့"

"ဟစ်ဟစ် ပြာလဲ့ခမျာ ကားမမောင်းတတ်ဘူး ထင်ပါတယ်ဗျာ၊ လမ်းဘေးကနေ ဂျုံးဂျုံးဂျုံးနဲ့ ဆင်းချလာတာ၊ ဟောဒီကုက္ကိုလ်ပင်ကြီးခံနေပေလို့ပေါ့ဗျာ၊ ဟားဟားဟစ် သိပ်ရယ်ရတယ်ဗျာ၊ အဖြစ်အပျက်က ဟစ်ဟစ် ဟစ်၊ ကုက္ကိုလ်ပင်ကြီးကို ဒုန်းခနဲဝင်ဆောင့် ဟစ်ဟစ်"

"ဟာ"

"ဟင်"

"အလို"

တစ်ရွာလုံး ဗေဒါကိုကြည့်၍ ပါးစပ်အဟောင်းသား ဖြစ်ကုန်၏။ ဘာပြန်ပြောရမှန်းမသိ။ ဤမျှလောက် ဝမ်းတွင်းရှူးကိုလည်း





သူတို့တစ်သက်မှာ တွေ့ဖူးပုံမပေါ်။ နောက်မှ ဦးဘိုးအေ သတိရပြီး ဒေါသတကြီးဖြင့်

"ဟင် မင်းက ငါ့သမီးကားမောင်းနေတုန်း အနောက်ကနေ မျက်လုံးပိတ်ပြီး အဒူရဲလို့လုပ်တယ်"

"ဟုတ်တယ်လေ စတာ စတာ ရယ်ရတယ်နော်၊ ဟီဟိ"

"သူက လွှတ်လို့ပြောတယ်"

"ကျွန်တော်က လွှတ်ဘူး လွှတ်ဘူး ဟီဟိ"

တစ်ရွာလုံး ဝိုင်းကြည့်ခြင်းခံရ၍ ဗေဒါပျော်နေသည်။ ဦးဘိုးအေက ဒေါသတကြီးဖြင့်

"ဟေ့ကောင် မင်းက အနောက်ကထပြီး ငါ့သမီးမျက်လုံးပိတ်လိုက်တော့ ကားမောင်းနေတဲ့ ငါ့သမီး ဘာမြင်တော့မှာလဲကွ"

ဦးဘိုးအေစကားလည်း ကြားရော ဗေဒါက ဇဝေဇဝါနှင့်၊

"ဟုတ်လား၊ မမြင်ရတော့ဘူးလား၊ မှန်း"

ဆိုကာ သူ့မျက်လုံးသူ ပြန်ပိတ်ကြည့်သည်။ ပြီးမှ

"အေး ဟုတ်သား၊ ဘာမှမမြင်ရတော့ဘူး၊ ဒါကြောင့် သူ ဘယ်သူလဲ မသိတာပေါ့၊ ဟီဟိ ရယ်ရတယ်နော်"

သူကတော့ ရယ်နေတုန်း။ ဒေါသထွက်နေသူ ဦးဘိုးအေက သာ

"နို့ဘို"

"ပြော ဘိုးအေ"

မွေးသဖခင် ပြန်ထူးသည်။

"ငါ ဘာလုပ်သင့်လဲ"

"ချ"

အသံက ရင်ခေါင်းသံအကျယ်ကြီး။

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



ဖခင်၏ခွင့်ပြုချက်က တစ်လုံးတည်း။ ဦးဘိုးအေ၏ လက်သီးကြီးက ပြေးဝင်လာ၏။ ထင်မှတ်မထားချိန်မို့

"ခွပ်"

"အား"

ဖူးနေသောနဖူးကို ထပ်မှန်ပြီး ပေဒါ ပက်လက်လန်သွားသည်။ ထိုစဉ်မှာပင် မွေးသဖခင်အသံက

"ဟေ့ ရွာသားတွေ၊ အဲဒါ ငါ့သားပဲ ချ"

"ဝေး"

ပျော်ရွှင်စွာ ညာသံပေး၍ ရွာသားများ စုဝေးလာသည်။ သူများကားမောင်းနေချိန် အနောက်မှ မျက်လုံးပိတ်၍

"အဒူရဲ"

လုပ်ရဲသည့်ကောင်ကို အသည်းယားနေကြပုံရ၏။ ပေဒါ ချက်ချင်း ခုန်ထလိုက်သည်။ အခြေအနေမကောင်းမှန်းသိ၍ ပေဒါ လက်ကာပြလိုက်သည်။

"ခဏလေး ခဏလေး၊ ကျွန်တော် ပြောစရာ စကားတစ်ခွန်းရှိတယ်"

ရွာသားများကြောင်သွားသည်။ ပေဒါ ဘေးဘီဝေ့ကြည့်ပြီး

"ပြေးပြီဟျို့"

ဆိုကာ ရသောအပေါက်မှ လှစ်ခနဲ ထွက်ပြေးရလေသည်။ ထိုတော့မှ တစ်ရွာလုံးကလဲ

"ဟာ ဟိုကောင်ပြေးပြီ၊ မလွတ်စေနဲ့"

"လိုက်ဟေ့ လိုက်ဟ၊ အရေခွံဆုတ်ရအောင်"

"ဟေ့ကောင်တွေ အဲဒါ ငါ့သားပဲ၊ မိရင် တံကျင်လျှိုပစ်"

စသည်ဖြင့် ညာသံပေးရင်း အပြေးလိုက်ကြရှာသည်။

ပေဒါခမျာလည်း ရွာထဲမဝင်ရဲ။ ရောက်ရာပေါက်ရာသို့ ခုန်





ပျံကျော်လွှား၍ အားကုန်ပြေးရလေတော့သည်။

ရွာသားများ၏ ဓားလှံလက်နက်၊ လေးသီးများက သူ့နား တဝဲဝဲ။

+ + +



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင် ဆိုစေကာမူ အမိဝမ်းတော်တွင်းကတည်းကိုက ရှုးကြောင်မူးကြောင် ထွက်လာသူဖြစ်ရချိမ့်ငြား ကံကြမ္မာ၏ မျက်နှာသာပေးခြင်းကို အကြိမ်ကြိမ်ခံရသူဖြစ်နေခြင်းက ထူးဆန်း၏။

မွေးကတည်းက ချမ်းသာသော(မဆင်းရဲသော)မိဘနှစ်ပါး ထံတွင် ဝင်စားခြင်း၊ ဘာလုပ်လုပ်၊ ဘယ်လောက်ပဲပျင်းပျင်း မိဘခများ ခွင့်လွှတ်သည်းခံ၍ ကျွေးမွေးရှာသည်။

ယခုလည်း မိဘသာမက ရပ်ရွာမှာပါ အမှားပြုနေသော်လည်း အပြစ်တော်ဝင်လည်းခဏ၊ အချစ်တော်ဝင်လည်းခဏနှင့်မို့ အိမ်ပြန်လို့က ရနေပြန်သေး၏။

ပြာလဲ့၏ကားလေး အတိုက်ခံရပြီး မိဘကိုယ်တိုင် ရပ်မိရပ်ဖနှင့်ပေါင်းဦးဆောင်ပြီး ခဲတစ်သီး လှံတစ်သွယ်နှင့် ပယ်ပယ်နယ်နယ်





ဆွဲခဲ့သော်ငြား အနီဝမ်းတွင်းရှူးမှာ ကံကြမ္မာမျက်နှာသာပေးတတ်သူပီပီ ကာယကံရှင်ကိုယ်တိုင် ခွင့်လွှတ်၍ အိမ်၌ပြန်နေလိုပါက သူကိုယ်တိုင် ဖိတ်ခေါ်ပါတယ်ဟူသော စကားဖြင့် ဖိတ်ခေါ်သော် အားလုံးသောလူအပေါင်း အံ့သြကျောပင် ဆွဲကုန်ကြ၏။

အသို့နည်း။

မအံ့သြလေနှင့်မိတ်ဆွေ။

ပြာလဲ့ခများ ဝေဒါ၏ 'အဒူရဲ'ပလန်လက်မှုကြောင့် ကုဏ္ဍိုလ်ပင်နှင့် ကားခေါင်းဝင်အောင်းခဲ့ကြောင်းကို ရှေ့အခန်းတွင် ဖတ်ရှုလာပြီး ဖြစ်ပေလိမ့်မည်။ ခများ ကားလည်းပျက်၊ ခေါင်းလည်းပေါက်၍ ဒေါ်သအိုးက ငယ်ထိပ်တက်ဆောင့်ခဲ့ပေပြီ။

သို့သော် ကံကြမ္မာက ဝေဒါဖက်ပါသည်လား၊ ပြာလဲ့ဖက်ရှိနေသည်လား မသိ။ ထိုဒဏ်ရာအတွက် မြို့တက်၍ ဆရာဝန်ပြကာမှ ဆရာဝန် ငယ်ငယ်ချောချောမှာ ပြာလဲ့အားမြင်မြင်ချင်း ချစ်တင်းနှောချင်စိတ်ဝင်ပြီး၊ တစ်ဦးနှင့်တစ်ဦး ရှေးဘဝအတိအတောထဲက ပျောက်ဆုံးနေသော ချစ်သူများကဲ့သို့ ချစ်စိတ်တွေဝင်မိကြ၍ မခွဲနိုင်မခွာရက်ဖြစ်ကာ လက်ထပ်ရန်အတွက် ရည်ရွယ်ခဲ့ကြလေပြီ။

ဘယ်သူက ဖူးစာရေးနတ်ဖြစ်ပါသလဲ ပရိသတ်။

ထိုသို့ ဆရာဝန်ငယ်နှင့် ချစ်ကြိုးသွယ်ကာမှ ပြာလဲ့ခများ ဉာဏ်အလင်းပွင့်ပြီး၊

"ဟာ ဒါ ဟိုဝမ်းတွင်းရှူး ဝေဒါကောင်းမှုပဲ၊ သူ 'အဒူရဲ'လုပ်လို့ ငါကားတိုက်တယ်၊ ငါကားတိုက်လို့ ချစ်ကိုကြီးနဲ့တွေ့တာ"

ဆိုကာ စိတ်ထဲမှ ကြိတ်၍ဦးချ၊ လူမြင်က လခပင်ပေးချင်အောင် ကျေးဇူးတွေတသီတသန်းကြီး တင်နေမိလေတော့သည်။

ထို့ကြောင့် ကျေးဇူးရှင်ဝမ်းတွင်းရှူးအား ပါးချ၊ ဖိနပ်နှင့်ပွတ်၊ ဆံပင်ဆောင့်ဆွဲ၊ ဒူးနှင့်တိုက် လုပ်ချင်ခဲ့သမျှကို ပြန်ဖွေးပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ကျေးဇူးရှင်ကို ငါ ပစ်မှားမိခဲ့ပါကလား"

ဟု နောင်တတွေ ရင်ဝယ်ပိုက်ပြီး၊

"ငါ လင်ကောင်းသားကောင်းရတာ သင်းကြောင့်"

ဟု ဆင်ခြင်မိကာ တစ်ရွာလုံးသာမက ဗေဒါမိဘများထံသို့ပါ ကိုယ်တိုင်သွားကာ

"ခမျာ သနားပါတယ်၊ ရွာပြန်လာလိုက လာပါစေ၊ နို့ပြီး ပြာလဲ့တို့မင်္ဂလာဆောင်တွင်လည်း ကျေးဇူးရှင်ဂုဏ်ထူးဆောင်အဖြစ် မိဘများနှင့် တစ်တန်းတည်းထား၍ ပစားပေးပါ့မည်"

ဟူသော အာမဘန္ဒေစကားကြောင့် ရွာပြင်တောတွင်း ကိုးကျောင်းကိုးကျင်းနေရရှာသောဗေဒါ၊ ဝေယျာဉ်နှင့် ပြန်အပင့်ခံရသော ပြည်ဝင်မင်းသားနှယ် မျက်နှာပန်းက လှပါလေတော့သည်။

\+ + +





"တောက် ငါ့နှယ် ချစ်သူကို 'အဒူရဲ'လုပ်ရာမှာ တစ်ပါးသူနဲ့ ကြင်ဖက်ဖြစ်အောင် စွမ်းဆောင်လိုက်သလို ဖြစ်နေပါလားနော်၊ ဗေဒါ ဗေဒါ မင်း သေရွာသွားဖို့သာ ကောင်းတော့တယ်"

လက်ထဲတွင် ရောက်ရှိနေသော၊

"ဒေါက်တာမောင်ချစ်ကိုကြီးနှင့်မပြာလဲ့"

ဟူသော မင်္ဂလာဆောင်ဖိတ်စာကြီးကို ကြည့်ပြီး ဗေဒါမျက်ရည်ပင် အစီးလိုက်ကျနေသည်။

'အဒူရဲ'ပလန်လက်မှုကြောင့် ပြာလဲ့ခမျာ ဤဆရာဝန်နှင့်တွေ့ပြီး နှစ်ဦးချစ်ကြိုးသွယ်၊ ဆရာဝန်ခမျာ ကိုယ်ဖိရင်ဖိပြုစု၊

အေးလေ ဆရာဝန်များကလည်း ကိုယ်ဖိရင်ဖိက သိပ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ကြတာကိုး။ ကိုင်ထားတဲ့ နားကြပ်ကလေးနဲ့ ခန္ဓာကိုယ်စမ်းလိုက်၊ ရင်စမ်းလိုက်ကိုး။ ကိုယ်ဖိရင်ဖိပေါ့။

ယခုတော့ ကိုယ်တစ်သက်လုံး မွေးလာသည့်ကြက်၊ သူများ တစ်ချက်တည်း ရိုက်ချက်သွားပေပြီ။

ကိုယ့်ဘာကိုယ် ရွာမှာသာ စိမ်ပြေနပြေပိုးနေလျှင် ဒီဆရာဝန်နှင့် ဘယ်လိုမှ တွေ့စရာအကြောင်းရှိမည်မဟုတ်။ ယခုတော့၊

အေးလေ။ သူ့ကုသိုလ်နဲ့သူ့ကုသိုလ်ပေါ့။

ယခုတော့ သူအိမ်ပြန်ရောက်လာသည်နှင့် ပြာလဲ့ခမျာ ပြေးလာပြီး

"ဖေဒါပြန်လာပြီလား၊ နင့်ကို ကျေးဇူးတင်တယ်ဟာ၊ ရော့ ဒီမှာမင်္ဂလာဖိတ်စာ စောစောလာနော်"

အောင်မယ် ကောင်မက ပျော်နေတာ၊ ယောကျ်ားမရသေးတဲ့ ငန်းမဒန်းမလေးအတိုင်း။

အင်း ရှိစေတော့။ သူ့မင်္ဂလာဆောင်ကို မသွားလျှင်လည်း သဘောထားသေးသိမ်ရာ ကျပေမည်။ သွားပြန်လျှင်လဲ

သွားပြန်လျှင်လဲ မျက်ရည်တွေ ခိုင်ပါ့မလားမသိ။

မျက်ရည်ခိုင်သည်ထားဦး၊ ဘာလက်ဖွဲ့ရမှန်းမသိ။

လက်ဖွဲ့သည့်ပစ္စည်းကလည်း သူတို့လင်မယားအတွက် အမှတ်တရပစ္စည်းလည်း ဖြစ်ချင်သည်။

အိမ်ကပိုင်သည့် လယ်ကွက်ပဲ ထိုးလက်ဖွဲ့ရမလား၊ ဒါမှမဟုတ် သုံးနေသည့် နွားတစ်ရှဉ်းဆိုရင်ရော၊

အင်း တန်ဖိုးက နည်းလှမည်မဟုတ်။ ဤသို့လုပ်လျှင် မိဘက တကယ်ကန့်ထုတ်ပေလိမ့်မည်။

တန်ဖိုးမရှိလှသော ဓာတ်ပုံအယ်(လ်)ဘမ်တို့ ပန်းကန်စင်တို့လည်း သူ လက်မဖွဲ့ချင်။ သူ့လက်ဖွဲ့က ထူးခြားရမည်။ တစ်သက်





လုံး မှတ်မိရမည်။

နောက်ဆုံးတော့. .

"ဟုတ်ပြီ၊ ဒါ အသင့်တော်ဆုံး"

ဖေဒါတို့ ပလန်လက်ပြန်ပြီ။

\+ + +



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ကိုယ်တူ ချစ်သမျှကို အလိုတူ ရှစ်ဆကဲနေ၊ ရာသက်လုံးမဆုံးတမ်း စိတ်မှာလေ၊ ချစ်ဗိမ္ဗာန် လှမ်းတူပြိုင်မယ်လေ"

ဒေါက်တာချစ်ကိုကြီးနှင့် ပြာလဲ့တို့ မင်္ဂလာမဏ္ဍပ်မှ မင်္ဂလာသီချင်းတို့ ပျံ့လွင့်နေပြီ။ ကျေးရွာတို့၏ ထုံးစံအတိုင်း မင်္ဂလာခန်းမတို့ ဘာတို့မရှိ၍ သတို့သမီးအိမ်၌သာ မင်္ဂလာပွဲကို ကျင်းပခြင်းဖြစ်သည်။

ထို့ကြောင့် ပြာလဲ့တို့အိမ်ရှေ့ မဏ္ဍပ်ထိုး၍ မင်္ဂလာပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်းဖြစ်၏။

သတို့သားဖက်မှလည်း မျက်နှာကြီးမိုးရိုးပေမို့ သူဌေးသူကြွယ်များနှင့် ပြုံးပြုံးပျက်ပျက်နိုင်လှသည်။ သတို့သမီးကလည်း ရွာခံ၊ ရွာမျက်နှာဖုံးမို့ တစ်ရွာလုံး ပျော်တပြုံးပြုံးနိုင်လှ၏။ တစ်ဖက်နှင့်တစ်ဖက် ဘယ်သူ့မှ အတင်မခံ စေတနာချင်း ပြိုင်နေကြခြင်းဖြစ်သည်။





အပျော်ကို အပျော်ချင်းဖလှယ်၊ အပြုံးကို အပြုံးချင်းဖလှယ်ရင်း သူတော်ချင်းချင်း သတင်းလွှေ့နေကြ၏။

ထိုစဉ်မှာပင်၊

ကြီးမားသော လက်ဆောင်ထုပ်ကြီးကို ထမ်းလာသောဇေဒါ။ လက်ဆောင်ထုပ်ကို ဖဲပြားများနှင့် လှပစွာ တန်ဆာဆင်ထား၏။

"ဟာ ဒီ ဒီကောင်"

"ဟင် ဒီကောင်လာသေးတယ်"

"ဟယ် ဒုက္ခကောင် ရောက်လာသေးသတော့"

ဇေဒါ အထုပ်ထမ်းလာတာမြင်တော့ အထာသိပြီးသား ရွာသားများ အံ့အားသင့်ကုန်၏။

"ဟော့ ဟော့ ကလေးတွေ အိမ်ပြန်ပို့ဟော့"

"ငါ့လုံ့ အမြန်သွားယူထားစမ်း"

အခြေအနေရိပ်မိသော ရွာသားကြီးများက လက်ပြင်သည်။

"မင်္ဂလာလက်ဖွဲ့ ဒီမှာထားခဲ့ပါရှင်"

လက်ဖွဲ့သိမ်းသောနေရာမှ ဇေဒါကို ကမ်းလှမ်းသည်။ ဇေဒါကခေါင်းခါပြီး

"သတို့သား၊ သတို့သမီး လက်ထဲကိုပဲ ပေးချင်တယ်၊ ဒါပဲ"

"မဟုတ်ပါဘူးရှင်၊ လက်ဖွဲ့ဆိုတာ"

"ဇေဒါ"

သူတို့ငြင်းခုန်နေစဉ်မှာပင် သတို့သမီးပြာလဲ့ ဝမ်းသာအားရထွက်လာသည်။ ဒီကောင့်ကောင်းမှုနဲ့ သူ လင်ရထားတာကိုး မျက်နှာချိုမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



❛သတို့သားနှင့်သတို့သမီးတို့ တစ်ယောက်ကိုတစ်ယောက် ဖက်ရင်း ပြုံး၍ ပေဒါ၏ ထွက်ပေါ်လာမည့် လက်ဆောင်ကို အရသာခံ ကြည့်နေကြသည်။

"ဘာတွေဖြစ်နေလို့လဲဟင်"

ပေဒါက လက်ဖွဲ့လက်ခံသော ကောင်မလေးကို မတူမတန် ဟန်နှင့် မေးထိုးပြီး

"ဒီမှာလေ၊ လက်ဖွဲ့ကို ဒီမှာထားခိုင်းနေတာ"

"ဩော် ပေဒါက ကိုယ်တိုင်ပေးချင်နေတာပဲ၊ လာ လာ ရှေ့ကိုယူလာ"

သတို့သမီးက ပေဒါကို တွဲခေါ်သည်။ မြားနတ်မောင်ကျူး ပစ်ကြိုးမို့ ဦးစားပေးတာလည်း ဖြစ်နိုင်သည်။

"ဩော် လှလိုက်တာ၊ ဒီမင်္ဂလာပွဲကို ဒီသတို့သမီးနဲ့လက်တွဲ မင်္ဂလာဆောင်တာ ငါသာ ဖြစ်လိုက်ပါတော့"

ဟု စိတ်ထဲ မမျှော်ကောင်းတာကို မျှော်မိနေသည်။

ရွှေပွဲလာသူများအားလုံး သတို့သမီး တွဲလာသည့် အထုပ်ကြီးထမ်းလာသော ပေဒါကို ငေးကြည့်နေကြသည်။

အရှေ့ဆုံးမှ ဂုဏ်သရေရှိ နှစ်ဖက်မိဘများ၊ ထို့နောက်ကမှ ကျေးရွာမျက်နှာဖုံးများဖြစ်သော သူကြီးအုန်းသီး၊ ပေဒါအဖေ ဦးနီ ဘိုတို့လို လူကြီးများ အားလုံးငေးလျက်။

"ကိုကိုရေ ကိုကိုရေ ဒီမှာ ပေဒါက လက်ဆောင်ကိုယ်တိုင်





ပေးချင်လို့တဲ့၊ လာကြည့်ပါဦး"

ပြာလဲ့က တခြားဝိုင်းတွင် ဧည့်ခံနေသောသူ့ယောက်ျားကို ရှင်မြူးစွာခေါ်သည်။

"လာပါပြီ ပြာလဲ့ရဲ့ ဟင်"

ပေဒါထမ်းလာသော ပုံးကြီးကိုကြည့်၍ ဉာဏ်ကြီးရှင်အံ့သြသွားသည်။ နောက် ဆရာဝန်ပီပီ သူများထက် ဉာဏ်ကောင်းတယ်ထင်ပြီး သူ့မေးသူပွတ်ကာ

"အင်း ဧကန် တန်တော့ (၃၁)လက်မ တီဗီထင်တယ်၊ ဟုတ်လားပေဒါ"

ပေဒါ ခေါင်းခါ၏။ အားလုံးက သူကိုယ်တိုင်ပေးမည်ဆိုသော အထုပ်ကို စိတ်ဝင်စားနေကြသည်။

"ဒါဖြင့် ရေခဲသေတ္တာအသေးစားလား၊ ဟို ဝှမ်းဒိုးလေ"

ပေဒါခေါင်းခါပြန်သည်။ ဆရာဝန်မှာ သူမှန်းသမျှ မမှန်၍ ရှက်ရယ်ရယ်ရင်း လက်မြှောက်ကာ၊

"ကဲ ကဲ အရှုံးပေးပါပြီ၊ ကိုပေဒါကိုယ်တိုင်ပဲ ပြောပါတော့"

ဆရာဝန်စကားကို ဂရုမစိုက်။ ပေဒါက ပြာလဲ့ကို ဆွေးဆွေးကြီးကြည့်ကာ

"ပြာလဲ့ ဒါကို အမြဲတစေ သုံးချင်မှသုံးပါ၊ ဒါပေမယ့် အသုံးလိုတိုင်း ကိုယ်ပေးထားတယ်ဆိုတာကို သတိရပေးပါနော်"

"ဩော် အင်းအင်း"

ပြာလဲ့က ကြောင်တောင်တောင်နှင့် ခေါင်းညိတ်သည်။ ပေဒါက အထုပ်ကို ဖြည်းညင်းစွာဖြည်သည်။ အားလုံး၏အာရုံက ပေဒါ၏အထုပ်ပေါ်။

သတို့သားနှင့်သတို့သမီးတို့ တစ်ယောက်ကိုတစ်ယောက်ဖက်ရင်း ပြုံး၍ ပေဒါ၏ ထွက်ပေါ်လာမည့် လက်ဆောင်ကို အရသာခံ



www.burmeseclassic.com

www.burmeseclassic.com



**မင်္ဂလာဆောင်ပါမည့်ဆိုမှ**
**ဘာအကြောင်းရှိလို့**
**ဘိုထိုင်အိမ်သာပေါ်**
**ပန်ကာဖွင့်ထိုင်ကြမည်နည်း။**
**ထိုကြောင့် မှာမှာသာလ ဖြစ်သည်**

ကြည့်နေကြသည်။

"ဗျို"

စက္ကူဆုတ်သံ။ အပြင်က ကာရံထားသော ကတ္တူတွေအကုန်ကွာကျသွားတော့

"ဟာ"

"ဟင်"

"ဟယ်"

အားလုံးထံမှ အာမေဋိတ်သံ။ ပြီးတော့ ပြိုင်တူ နှုတ်ကထွက်လာသည်က

"အိမ်သာခွက်ကြီး"

"ဘိုထိုင်အိမ်သာခွက်ကြီး"

အားလုံး မျက်လုံးပြူးကုန်၏။ စားသောက်နေသူတချို့လည်း ဒီအိမ်သာခွက်မြင်သည်နှင့် ဖွီးခနဲ အန်ထွက်သူတွေလည်း ရှိ၏။ တချို့ကလည်း ပါးစပ်ကြီးဟ၍၊

မှန်ပေသည်။ သူ အမြဲတမ်း ခြင်ထောင်ထဲ အမြတ်တနိုး သိမ်းထားသော ဘိုထိုင်အိမ်သာခွက်ကြီးကို ထမ်းပိုးသယ်လာခြင်းပင်။ ဒါက သူ၏ ချစ်သက်လက်ဆောင်။





အိမ်သာခွက်ကမှ ရိုးရိုးဘိုထိုင်အိမ်သာခွက်မဟုတ်။ အထဲ၌ ပန်ကာတစ်လုံး တပ်ထားသေး၏။

"ဒါ ဒါ ဘာကြီးလဲ"

"ဘာသဘောလဲ"

အားလုံး အံ့အားသင့်နေချိန်မှာမှ ပေဒါက မျက်လွှာချပြီး

"အမြဲတမ်းအတွက် မဟုတ်ရင်တောင်မှ ဒဏ်ရာအနာတရ ဖြစ်တဲ့အခါ ဒီအပေါ်မှာထိုင်ပြီး ပန်ကာဖွင့်လိုက်ရင် သက်သာတယ် ပြောလို့"

"ဟာ"

"ဟယ်"

"ဘယ်လိုကြီးလဲ"

အားလုံးထံမှ အာမေဋိတ်သံ။ ပေဒါက တုန်ယင်သောအသံဖြင့်၊

"နင်အသုံးလိုမှာပါ"

"ဟာ"

"ဘာ ဘာကြီးလဲ"

အားလုံး ပွစိပွစိ ဖြစ်ကုန်၏။ ဘာပြောရမှန်းလည်း မသိ၊ ဘာသဘောလည်း မသိ။ အတန်ကြာမှ ပြာလဲ့အဖေ ဦးဘိုးအေ ခုန့်ထလာကာ

"ဟင် ဟေ့ ဟေ့ကောင် မင်း ဒါဘာသဘောလဲကွ၊ ဟေ"

ပေဒါက ခေါင်းငုံ့ရင်း

"ဒဏ်ရာတွေကို ကုစားဖို့ အကောင်းဆုံးနည်းကို ကျွန်တော်ရှာတွေ့ထားတာပါ"

သူက သူ့ကိုယ်တွေ့နှင့်ယှဉ်၍ စေတနာနှင့် ပေးတာပါ။ သို့သော် အများအမြင်က



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် မင်းက ငါ့သမီးမင်္ဂလာဆောင်တဲ့နေ့မှာ ဒဏ်ရာကုစားဖို့ ဘိုထိုင်ပေးတယ် ဟုတ်လား"

"ဟင်"

ထိုတော့မှ ဗေဒါလည်း အနည်းငယ်သဘောပေါက်သွားသည်။ ဟုတ်သား။ မင်္ဂလာဆောင်ပါမည်ဆိုမှ ဘာဒဏ်ရာရလို့ ဘိုထိုင်အိမ်သာပေါ် ပန်ကာဖွင့်ထိုင်ရမည်နည်း။ ထို့ကြောင့် ပျာပျာသလဲဖြင့်

"မဟုတ် မဟုတ်၊ ကျွန်တော်ဆိုလိုတာက ဒီမင်္ဂလာပွဲမှာ သုံးဖို့မဟုတ်ရင်တောင် ကလေးတွေ ဘာတွေမွေးရင် ကလေးကလေး"

"တိတ်"

"ခင်ဗျာ"

သူပြောမှ အခြေအနေက ပိုဆိုးပြီ။ ကလေးမွေးတော့လည်း ဘိုထိုင်အိမ်သာနှင့် ပန်ကာ သုံးစရာလား။

"ကျွန်တော့် ကျွန်တော့ကိုယ်တွေ့"

သူ့စကားမဆုံးလိုက်။ ဦးဘိုးအေရင်ကြီး ဖားဖိုလိုနိမ့်လိုက်မြင့်လိုက်ဖြစ်လာကာ

"နှီဘို"

"ဘိုးအေ"

"ငါဘာလုပ်ရမှာလဲ"

"ချ"

"ဟာ"

ထုံးစံအတိုင်းပင်။ မွေးသဖခင် ခွင့်ပြုလိုက်သည်နှင့် ဦးဘိုးအေ၏ ဒေါသက အရင်ပြေးဝင်လာသည်။ သို့သော် နောက်ကျ၏။ ဗေဒါ





၏ခြေလှမ်းက ဦးဘိုးအေ၏ ဒေါသရှေ့ ဦးဆောင်ပန်းဝင်လေပြီ။ ရွာသားများဆိုတာ နောက်မှာ ကျန်ရစ်တုန်း။

\+ + +



BURMESE CLASSIC .com

www.burmeseclassic.com

"ပြေး ပြေး ပြေး"

မည်မျှပြေးမိနေသည်မသိ။ ရေဆုံးမြေဆုံးလား၊ ရေဖျားမြေဖျားလား။ နွားလိုက်၍လား။ ကျားကိုက်၍လား မသိ။ သူသိတာ ပြေးဖို့တစ်ခုသာ။

ဝန်ထုပ်ဝန်ပိုးကြီးများကို ကျောပေါ်က ခါချသလို ပြေးနေရသော ခြေလှမ်းများ။ လိုချင်လို့ ပြေးနေတာလား၊ မလိုချင်ဘဲ ပြေးနေတာလား မသိ။ သူမသိ။ သူသိတာ ပြေးနေခြင်းသာ။

ကျေးရွာတွင်လည်း ပြေးခဲ့ရပါ၏။ သူကြီးနှင့်လည်း ပြေးရပါ၏။ ချစ်သူနှင့်တုန်းလည်း ပြေးရပါသည်။ ယုတ်စွအဆုံး ဖခင်ကိုယ်တိုင် လက်သုံးတော်ဘတ်ခွနှင့် လိုက်လံအပြေးနှံ့သဖြင့် ပြေးရပါသည်။



ယခုတော့ သူ့ဘဝမှာ ဥသျှစ်သီး ကြွေကျသည်ကို မြေပြိုပြီ မှတ်သည့် ယုန်သူငယ်လို မည်သည့်အသံကျယ်ကျယ်ကြားတိုင်း အသည်းငယ်စွာ ထပြေးနေမိတော့သည်။ ခံရပေါင်းကလည်းများ၊ လေထဲမှာ ကားရားကြီးဖြစ်ခဲ့သည့် ဘဝကလည်း မနည်းသည်မို့ အမြဲတမေ ကြိမ်အတို့ခံရသူလို ခုန်ထွက်ဖို့ အဆင်သင့်ဖြစ်နေသည်။

ပထမဆုံးအကြိမ်မှ နောက်ဆုံးအထိ ဘယ်သူကမှ လိုက်မမီအောင်၊

လိုက်မီခဲ့လျှင်လည်း မိမိဘဝကိုတွေးရင်း ချွေးစေးတို့. .
ခံခဲ့ရသည့် အကြိမ်တို့ကို ပြန်လည်စဉ်းစားရင်း. .

\+ + +

www.burmeseclassic.com



ထိုမှစ၍ ဘယ်အထိ ပြေးမိနေမှန်းမသိ။ ဘယ်ရောက်မှန်းလည်းမသိတော့။

ဒိုင်းခနဲ အချက်ပေးသံတစ်ခု။

သိပ်မကြာခင် ကြိုးတန်းတစ်ခုကို ဝင်တိုးပြီး ဝမ်းသာအားရ သူ့ကို ဆီးဖမ်းသည်။ နားထဲတွင်လည်း

"ချန်ပီယံ ချန်ပီယံ"

ဟူသောအသံများ ပြည့်လျှံနေ၏။

နောက်တော့

ဆုဖလားလေး ခါးမှာကွယ်၊ သနားစဖွယ်မျက်နှာငယ်လေးနှင့် ရပ်နေသူကိုမှ လာမေးသည်။

"ဒီလိုဆုဖလား ခါးဝယ်ပိုက်နိုင်အောင် အဘယ်သို့ကြိုးစားခဲ့





ရပါသလဲခင်ဗျာ"

နွားကျောင်းသား၏အမေးကို ပညာရှင်ဆန်အောင် မည်သို့ဖြေရမည်မသိ။ ကြောင်စီစီပြန်ကြည့်မိသည်။ အဖြစ်အပျက်များက ခေါင်းထဲ၌ နောက်ပြန်ရစ်လိုက်သလို တစ်ရစ်စီပြန်ပေါ်လာသည်။

မည်သို့အပြေးချန်ပီယံဖြစ်လာသနည်း။

"ဒါနဲ့ ဝေဒါရဲ့ ပြေးပုံက ဆန်းတယ်နော်၊ ညာလက်ကို ရှေ့ထား၊ ဘယ်လက်ကို နောက်ထုတ်ပြီး ခုန်ဆွခုန်ဆွ ပြေးတာလေ၊ အဲဒါကို တစ်ကမ္ဘာလုံး စိတ်ဝင်စားနေကြတယ်။ အဲဒါ ဘာပြေးနည်းလဲဟင်"

မေးသူကို ကြောင်တောင်တောင် ပြန်ကြည့်မိသည်။ နောက် ကြောင်တောင်တောင်နှင့် ပါးစပ်က ခုန်ထွက်သွားသည်က

"တက်ကလုပ်"

BURMESE CLASSIC .com

လေးစားစွာကြိုးစားလျက်
အကြည်တော်



www.burmeseclassic.com